# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၂၇ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၀၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လူရည်ချွန်မောင်မယ်များက အခမ်းအနားဖွင့်လှစ်ခြင်းအဖြစ် "လင်းလက်ကြယ်များ တောက်ပချိန်" အစီအစဉ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

# လူငယ်မောင်မယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပညာရယူနိုင်သည့် နည်းလမ်းအသွယ်သွယ်မှ မိမိတို့ကိုယ်တိုင် အပတ်တကုတ် ကြိုးပမ်းအားထုတ်သွားကြရမည်

## မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့် စံပြလူငယ်မောင်မယ်များဖြစ်အောင်ကြိုးပမ်း

နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ တွေ့ဆုံ၍ သြဝါဒစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးဝဏ္ဏမောင်လွင်၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန် မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ◆







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံ၍ ဩဝါဒစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံများကို လူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

◆ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လူရည်ချွန်မောင်မယ်များက အခမ်းအနားဖွင့်လှစ်ခြင်းအဖြစ် "လင်းလက်ကြယ်များ တောက်ပချိန်" အစီအစဉ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းအား သံပြိုင်သီဆို၍ နိုင်ငံတော်အလံကို အလေးပြုကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ဘဝအမွန် လူရည်ချွန်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူရည်ချွန်မောင်မယ်များ" Video Clip ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဩဝါဒစကားပြောကြားရာတွင် မောင်တို့မယ်တို့လူငယ်များသည် ပြည့်ခွန်အားများဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးအတွက်အရေးကြီးသည့်လူ့စွမ်းအားအရင်းအမြစ်များလည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန်အတွက် ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပညာရယူနိုင်သည့် နည်းလမ်းအသွယ်သွယ်မှ မိမိတို့ကိုယ်တိုင်အပတ်တကုတ် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

**လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေး**

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ခေတ်ကာလ၏ ဆန်းသစ်သည့် နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာကြီးကို လက်လှမ်းမီနိုင်ရန် မျိုးဆက်သစ်လူငယ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကိုသိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်ကြောင်း။

မောင်တို့မယ်တို့အပါအဝင် လူငယ်အားလုံး ပညာ သင်ယူလေ့လာသည့်အခါတွင် စာပေဘာသာရပ်များကို တတ်မြောက်ထူးချွန်ရုံသာမကဘဲ စာပေပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များအတိုင်း ဘက်ပေါင်းစုံက ထူးချွန်ထက်မြက်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းတတ်ရန်၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းတတ်ရန်၊ မိမိပတ်ဝန်းကျင်ကို အကျိုးပြုရန်၊ လူမှုအသိုင်းအဝိုင်းတွင် ကောင်းမွန်သည့်စိတ်ဓာတ်၊ ကောင်းမွန်သည့် အလေ့အကျင့်များနှင့် ဝင်ဆံ့အကျိုးပြုနိုင်ရန်၊ နိုင်ငံ့သားကောင်းမှသည် ကမ္ဘာ့သားကောင်းဖြစ်ရန် စသည့်အရည်အသွေးများနှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်ရန် လေ့လာသင်ယူပြီး လိုက်နာကျင့်သုံးသွားကြခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

လူရည်ချွန်များ ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျင်းပခဲ့ပြီး (၂၅) ကြိမ်မြောက် ငွေရတု လူရည်ချွန်စီမံကိန်းကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်နောက်ပိုင်း ခေတ္တရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် **“ဘက်စုံပညာ ထူးချွန်လူငယ်”** စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် **“လူရည်ချွန်စီမံကိန်း”** အမည်ဖြင့် ပြန်လည်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေများကြောင့် ခေတ္တရပ်နားခဲ့ရကြောင်း၊ ၂၀၂၂–၂၀၂၃ ပညာသင်နှစ်မှစပြီး ပြန်လည်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၃–၂၀၂၄ ပညာသင်နှစ်၏ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ထပ်ကွမ်းလူရည်ချွန်များအပါအဝင် မောင်မယ်တို့နှင့် တွေ့ဆုံရသည့် အချိန်ကာလကို ရောက်ရှိလာခြင်းဖြစ်ကြောင်း။

၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ န၀မတန်း လူရည်ချွန် ၁၄၀၊ ဒသမတန်းလူရည်ချွန် ၁၄၀၊ ဧကာဒသမတန်း လူရည်ချွန် ၁၃၇ ဦးအပြင် ဒွါဒသမတန်း ၁၃၇ ဦး၊ စုစုပေါင်း ၅၅၄ ဦး ရွေးချယ်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင် KG+12 ပညာရေးစနစ်အရ အခြေခံပညာ၏ နောက်ဆုံးအတန်းဖြစ်သည့် ဒွါဒသမတန်းကို ဖွင့်လှစ်ခဲ့သည့်အတွက် လူရည်ချွန်ရွေးချယ်သည့်အခါ ဒွါဒသမတန်းကိုပါ ရွေးချယ်နိုင်ခဲ့ကြောင်း။

**စနစ်တကျစိစစ်ရွေးချယ်ခဲ့**

လူရည်ချွန် ကျောင်းသားကျောင်းသူများကို ရွေးချယ်သည့်အခါ စာပေဘာသာရပ်များကိုသာ စစ်ဆေးအကဲဖြတ်ရုံတစ်ခုတည်းမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာကောင်းမွန်မှုကိုပါ စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းပင်ဖြစ်ပါကြောင်း၊ မောင်တို့မယ်တို့သည် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အဆင့်ဆင့်စိစစ်မှုကို ကျော်ဖြတ်ပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများဖြစ်သည့်အတွက် ဂုဏ်ယူသည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

- **လူရည်ချွန်ကျောင်းသားကျောင်းသူများကို ရွေးချယ်သည့်အခါ စာပေဘာသာရပ်များကိုသာ စစ်ဆေးအကဲဖြတ်ရုံတစ်ခုတည်းမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်မှုကိုပါ စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းပင်ဖြစ်**
- **ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာရန် ကာယ၊ ဉာဏစွမ်းအားများနှင့် ကြိုးစားအားထုတ်ခဲ့သည့် မောင်မယ်များအနေဖြင့် မိမိတို့၏ အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်ထိန်းသိမ်းထားရန်လို၊ ရှေ့ဆက်ပြီး အဖိုးတန်လူငယ်များဖြစ်စေရန်နှင့် မိမိနေထိုင်ရာလူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ အစဉ်အမြဲကိန်းအောင်းနေစေရန်လည်း ကြိုးပမ်းသွားကြရမည်ဖြစ်**

ယခုနှစ် လူရည်ချွန်မောင်မယ်များကို ယခင်နှစ်များအတိုင်း န၀မတန်းလူရည်ချွန်များကို ရှေးဟောင်းအမွေအနှစ်ဒေသ ပုဂံမြို့၊ ဒသမတန်း လူရည်ချွန်များကို ရှမ်းပြည်နယ် တောင်ပေါ်ဒေသ တောင်ကြီးမြို့၊ ဧကာဒသမတန်းလူရည်ချွန်များကို ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေငွေဆောင်မြို့သို့စေလွှတ်သလို ဒွါဒသမတန်း လူရည်ချွန်များကို ပင်လယ်ကမ်းခြေ ချောင်းသာလူရည်ချွန်စခန်းအသီးသီးကို လေ့လာရေးခရီးစဉ် စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့စေလွှတ်ခြင်းအားဖြင့် ရည်ရွယ်ချက်ချမှတ်ခဲ့သည့်အတိုင်း လူရည်ချွန် မောင်မယ်များအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိခြင်း၊ အသိပညာဗဟုသုတများ ဖလှယ်နိုင်ခြင်းအပြင် လူရည်ချွန်စခန်းအခြေစိုက်ရာဒေသများ၏ ဒေသန္တရဗဟုသုတများရရှိခြင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့များ သိရှိနားလည်ပြီး မိမိနိုင်ငံနှင့် လူမျိုးအားချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားထိန်းသိမ်းလိုစိတ်များ ကိန်းအောင်းရှင်သန်လာစေမည်ဖြစ်ကြောင်း။

**စံပြလူငယ်မောင်မယ်များဖြစ်အောင်ကြိုးပမ်း**

ယခုကဲ့သို့ အဆင့်ဆင့်ကျော်ဖြတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာရန် ကာယ၊ ဉာဏစွမ်းအားများနှင့် ကြိုးစားအားထုတ်ခဲ့သည့် မောင်မယ်များအနေဖြင့် မိမိတို့၏အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်ထိန်းသိမ်းထားရန်လိုကြောင်း၊ ရှေ့ဆက်ပြီး အဖိုးတန်လူငယ်များဖြစ်စေရန်နှင့် မိမိနေထိုင်ရာလူ့အဖွဲ့အစည်းပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ အစဉ်အမြဲကိန်းအောင်းနေစေရန်လည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ **“မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကိုကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်”** ဆိုသည့်ကျောင်းကောင်စီကတိကဝတ်နှင့်အညီ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့် စံပြလူငယ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အနုပညာရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့် လေကြောင်း လူငယ်များက “လူငယ်စွမ်းရည်” တေးသီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်မှုကို အားပေးကြစဉ်။

*စာမျက်နှာ ၄ မှ*

လူငယ်မောင်မယ်များကို အကျင့်စာရိတ္တ ကောင်းမွန်ပြီး ရိုးသားတက်ကြွဖျတ်လတ်သည့်၊ သူတစ်ပါးကို ကူညီရန်အသင့်ရှိသည့်၊ လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့်၊ လူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်ရန်၊ တစ်နည်းအားဖြင့် လူတော်လူကောင်းများဖြစ်ရန် ပြုစုပျိုးထောင်ပေးခြင်းသည် မောင်တို့မယ်တို့အနေဖြင့် ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်သွားနိုင်ကြရန်ပင် ဖြစ်ကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်းသွား**

ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်ကြောင်း၊ ထိုအထဲမှ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျကြောင်း၊ လူမှုန်းသိတတ်စအရွယ်ကတည်းက ကျောင်းတက်ပညာသင်ကြပြီး ဘဝရှေ့ရေးအတွက် အတတ်ပညာ၊ အသိပညာပြည့်ဝအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပညာရေးအခြေခံ မကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့် အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင်သင်ယူနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး ကျောင်းနှင့်ကင်းကွာ ပညာရေးနိမ့်ကျသည့် လူငယ်များမဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာဆရာမများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

ယခုကဲ့သို့ လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံမှာကြားခိုက်တွင် ကျောင်းသား ကျောင်းသူများ စာသင်နှစ်ပြီးသဖြင့် အတန်းတက်ပြီး တန်းစဉ်ကူးပြောင်းသင်ယူကြရာတွင် ယခင်နှစ်များက သင်ကြားလိုက်သည့် သင်ခန်းစာများကို တစ်ပါတည်း သိရှိမှတ်သားသယ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ နှစ်စဉ်သင်လိုက်သည့်စာများ၊ ပညာများကို မေ့ပျောက်မပစ်ဘဲ ဦးနှောက်ထဲတွင် စွဲစွဲမြဲမြဲ မှတ်သားမိနေပါမှ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက အတန်းသာအောင်၊ အသက်အရွယ်ကြီးမြင့်လာသော်လည်း ရှိသင့်ရှိထိုက်၊ ပြည့်စုံသင့်ပြည့်ဝထိုက်သည့် အသိပညာ၊ အတွေးအခေါ်၊

*စာမျက်နှာ ၆ သို့*



ထူးချွန်လူငယ်မောင်မယ်များ ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုကြစဉ်။

*စာမျက်နှာ ၅ မှ*

အယူအဆများ ရှိမလာနိုင်ခြင်းကြောင့် မိဘဆရာများက ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လူရည်ချွန်မောင်မယ်များ လေ့လာရေးခရီးစဉ်တစ်လျှောက်အေးချမ်းပျော်ရွှင်စွာ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လေ့လာရေး၊ ရေ၊ မီး၊ လျှပ်စစ်နှင့် သန့်ရှင်းရေး၊ ဘေးကင်းလုံခြုံရေး၊ ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပူးပေါင်းဆောင်ရွက်ထားကြောင်း။

**နိုင်ငံ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်**

မောင်တို့မယ်တို့အနေဖြင့် မိမိတို့သက်ဆိုင်ရာ စုရပ်စခန်းနှင့် စခန်းအသီးသီးသို့ သွားရာခရီးစဉ်တစ်လျှောက် စည်းကမ်းတကျနှင့်သွားလာရန်၊ မိမိကျောင်း၊ မိမိမြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကို ကောင်းမွန်သည့် ဂုဏ်သတင်းနှင့် ကိုယ်စားပြုနိုင်ရန်၊ စခန်းအသီးသီးကို ရောက်သည့်အခါတွင်လည်း ဒေသန္တရဗဟုသုတများကို လေ့လာမှတ်သားရန်၊ အချင်းချင်းဗဟုသုတဖလှယ်ပြီး စည်းလုံးညီညွတ်စွာ နေထိုင်ရန် မိမိတို့၏ ကြီးကြပ်ဆရာ ဆရာမများ၏ အုပ်ထိန်းမှုအောက်တွင် စည်းကမ်းသေဝပ်စွာ နေထိုင်ပြုမူ လှုပ်ရှားရန်မှာကြားလိုကြောင်း၊ သို့မှသာ လူရည်ချွန်စီမံကိန်း အကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်စေမည်ဖြစ်သည်ကို ထပ်လောင်း အသိပေးပြောကြားလိုကြောင်း၊ အထူးသဖြင့် ခရီးစဉ်တစ်လျှောက် ကျန်းမာရေးဂရုစိုက်ရန်နှင့် မိမိတို့နေရပ်သို့ ပြန်ရောက်သည့်အခါ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဆောင်ရွက်နိုင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၄ ခုနှစ်၊ လူရည်ချွန်စခန်း အလိုက် အထိမ်းအမှတ်အလံများကို လူရည်ချွန်မောင်မယ်များထံပေးအပ်ပြီး လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ သုံးထပ်ကွမ်းလူရည်ချွန် မောင်အောင်ကောင်းပြည့်က ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အလင်းတစ်ခေတ်၏ အရင်းအမြစ်များကို မွေးဖွားခြင်း" ကဇာတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်များက "လူငယ်စွမ်းရည်" တေးသီချင်းဖြင့်လည်းကောင်း စုပေါင်းသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အခမ်းအနား တက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ် များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ထူးချွန်လူငယ်မောင်မယ်များသည် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်လူရည်ချွန် မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်များနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသော လူရည်ချွန်မောင်မယ်များ ဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




**ဂုဏ်ပြုဖျော်ဖြေတင်ဆက်**

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက ခေတ်ပေါ်တေးသီချင်းများ၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို တက်ကြွစေမည့် တေးသီချင်းများ၊ တိုင်းကျိုးပြည်ပြု တေးသီချင်းများ၊ လူငယ်မောင်မယ်များ စိတ်ခွန်အားရရှိစေမည့် တေးသီချင်းနှင့် အကအလှများ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးမှ နိုင်ငံကျော် ဟာသပညာရှင် ဒိန်းဒေါင်နှင့်အဖွဲ့က စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဟာသပျက်လုံးများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ် မောင်မယ်များ၊ ကြက်ခြေနီမောင်မယ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက စိတ်လက်ပေါ့ပါး တက်ကြွစွာ ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေပေးကြသည့် အနုပညာရှင်များနှင့် အတူ တပျော်တပါး ပါဝင်သီဆိုဆင်နွှဲကြသည်။

**တစ်ခဲနက်အားပေး**

ထို့ပြင် လူရည်ချွန်မောင်မယ်များကလည်း တေးသီချင်းများဖြင့် တစ်ဦးချင်းသော် လည်းကောင်း၊ အဖွဲ့လိုက်သော် လည်းကောင်း ပေါ့ပါးလွတ်လပ်စွာ ပါဝင်သီဆိုဖျော်ဖြေကြရာ ပရိသတ်များက တစ်ခဲနက် အားပေးကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များ၏ "လတ်တီး" နှင့် "တောင်ယာဝင်ချိန်" တေးသီချင်းသီဆိုမှုနှင့်အတူ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကခုန်ကြကာ ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယမန်နေ့ ညနေပိုင်းကလည်း မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား "တားဆီးကာကွယ်မီဒီယာအဆိပ်သင့်မှု အန္တရာယ်" Video Clip နှင့် "နိုင်ငံတော်တည်ဆောက်ရေးနှင့်နိုင်ငံတော်မီဒီယာ၏အခန်းကဏ္ဍ" Video Clip တို့ကို ပြသခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က MRTV DTH စလောင်း အစုံ ၃၀ နှင့် DVB T2 Set Top Box အလုံးရေ ၁၅၀ တို့ကို ကံစမ်းမဲဖောက်ကာ မဲပေါက်ကြသည့် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် ကြက်ခြေနီ မောင်မယ်များအား ပေးအပ်ခဲ့ကြသည်။ **သတင်းစဉ်**

# ရတနာပုံတက္ကသိုလ်၌ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဧပြီ ၂၆**

အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(ITU)က နှစ်စဉ်ဧပြီလ၏ စတုတ္ထမြောက် (ကြာသပတေးနေ့)ကို "International Girls in ICT Day" အဖြစ် သတ်မှတ်ခဲ့ပြီး ICT ကဏ္ဍတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရေး ရည်ရွယ်ချက်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို ဧပြီ ၂၅ ရက်တွင် ရတနာပုံတက္ကသိုလ်ရှိ ပညာပြည့်ဝနှလုံးလှခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဂုဏ်ပြုအမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူများအဖြစ် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) ကွန်ပျူတာသိပ္ပံမဟာဌာနမှ ပါမောက္ခ ဒေါက်တာယုယဝင်း၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းနှင့် ရတနာပုံတက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမေမြင့်သွယ်တို့က နေ့စဉ်လူမှုဘဝတွင် အိုင်စီတီနည်းပညာ၏ အခန်းကဏ္ဍ၊ အမျိုးသမီးများ နောက်ကျမကျန်ခဲ့စေရန် အိုင်စီတီနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုအသုံးပြုလာစေရေး၊ သတင်းအချက်အလက်များ ဖန်တီးခြင်း၊ မျှဝေခြင်း၊ စုစည်းသိုလှောင်ခြင်းများကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရေး၊ ဆိုရှယ်မီဒီယာများ အသုံးပြုရာတွင် လုံခြုံရေးနှင့် စိန်ခေါ်မှုများ၊ အိုင်စီတီနည်းပညာ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများ စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **တင်မောင်-မန်း**




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပေကျင်းရဲတက္ကသိုလ် သွားရောက်လေ့လာ၊ မြန်မာ - တရုတ် နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်

**နေပြည်တော် မေ ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiao Hong ၏ ဖိတ်ကြားချက်အရ မေ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ – တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်လျက်ရှိသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သို့ မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဆက်လက်ထွက်ခွာရာ မေ ၂၄ ရက် ညပိုင်းတွင် ရောက်ရှိခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Xu Datong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်တို့က ကြိုဆိုခဲ့ကြသည်။



မြန်မာ–တရုတ် နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပစဉ်။

အဆိုပါအလုပ်သဘောခရီးစဉ်အတွင်း မေ ၂၅ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းရဲတက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့သည်။ **(အောက်ပုံ)**



ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း ဝေ့အန်းဟိုတယ် (Beijing Rui An Hotel) ၌ မြန်မာ–တရုတ် နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပရာ နှစ်နိုင်ငံလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသနေပြည်သူများ ဘေးကင်းလုံခြုံရေး၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ အမြစ်ပြတ်ပပျောက်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု ပပျောက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံအပြန်အလှန် ရပ်တည်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် ယွမ် ငါးသန်းတန်ဖိုးရှိ အကူအညီပေးအပ်ရေးစာလွှာကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ **(အပေါ်ပုံ)**




ဆက်လက်၍ နိုင်ငံရပ်ခြားမှ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ အရာရှိကြီးများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနက ချီးမြှင့်ပေးအပ်သော အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် Golden Great Wall Commemorative Medal ဆုတံဆိပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiao Hong က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အား ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်ကိုလက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiao Hong ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ (၁/၂၀၂၄-၂၀၂၅) စည်းဝေး

**နေပြည်တော် မေ ၂၆**

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့၏ (၁/၂၀၂၄-၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို ပထမအကြိမ် ချေးငွေအဆိုပြုလွှာ ခေါ်ယူ၍ ချေးငွေထုတ်ချေးထားမှုအခြေအနေနှင့် ဒုတိယအကြိမ် ချေးငွေအဆိုပြုလွှာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ချေးငွေအဆိုပြုလွှာများ ပိုမိုလက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိရာ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေ ပိုမိုတိုးတက် ထုတ်ချေးရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေအဆိုပြုလွှာများ ပိုမိုလက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် ကြော်ငြာစာထုတ်ပြန်ပြီးနောက် လက်ခံရရှိမှု၊ ဆီစက်လုပ်ငန်းများ ချေးငွေတိုးတက်ထုတ်ချေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်မှု၊ အထောက်အကူပြု အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာအဖွဲ့အလိုက် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေအမှုတွဲများ စိစစ်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြရာ လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ အတည်ပြုကြသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (UMFCCI)၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းများ ကြိုတင်ပြင်ဆင်ပြုစုခြင်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုခြင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ပဲခူးစက်မှုဇုန်ရှိ လက်အိတ်စက်ရုံနှင့် တိရစ္ဆာန်အစားအစာစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးစက်မှုဇုန်ရှိ Bago Sports Gloves Co.,Ltd ၏ လက်အိတ်စက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ထုတ်လုပ်ပြီး အားကစားလက်အိတ်များ ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်ရန်၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် စံချိန်စံညွှန်း အရည်အသွေးမီပစ္စည်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ရန်၊ ပြည်ပဈေးကွက်ဝေစုသစ်များနှင့် ဈေးပိုမိုရရှိရေး ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုသတင်း အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် ဆောင်ရွက်ရန်တို့ကို မှာကြားပြီး စက်ရုံအတွင်း အားကစား လက်အိတ်များချုပ်လုပ်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Myanmar New Hope Farms Co.,Ltd ၏ တိရစ္ဆာန်အစာထုတ်လုပ်ရေး စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း တိရစ္ဆာန်အစားအစာ ကြိတ်ခွဲထုတ်လုပ်နေမှုလုပ်ငန်းစဉ်နှင့်ကုန်ကြမ်းနှင့် ကုန်ချောထားသိုမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တိရစ္ဆာန်အစားအစာများကိုပြည်တွင်းသုံးစွဲရန် ဖူလုံမှုရှိအောင် တိုးမြှင့်ထုတ်လုပ်ရန်၊ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်နှင့် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်ရန်တို့ကို မှာကြားပြီး စက်ရုံ၏ လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အသိပညာမျှဝေဆွေးနွေးပွဲ အမှတ်စဉ် (၄၀) ကျင်းပ



**နေပြည်တော် မေ ၂၄**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေး အစီအစဉ် (Knowledge Sharing Program–KSP) အရကျင်းပသည့် ဆွေးနွေးပွဲ အမှတ်စဉ် (၄၀)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမနှင့် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်းခန်းမမှ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းမှလည်းကောင်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ဝန်ထမ်းများအနေဖြင့် အရည်အချင်း၊ အရည်အသွေးများ စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရေး ကြိုးစားနေရမည်ဖြစ်ရာ နိုင်ငံတကာ အတွေ့အကြုံများကို သိရှိနားလည်ထားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် အခါအားလျော်စွာ နိုင်ငံခြားပညာတော်သင်များကို စေလွှတ်ပေးလျက်ရှိပြီး အဆင့်မြင့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်ရေး၊ သင်ယူရရှိခဲ့သည့် အသိပညာ၊ ဗဟုသုတ၊ အတွေးအမြင်များကို ပြန်လည်အသုံးချ၍ မိမိနိုင်ငံ၊ မိမိရုံးကို အကျိုးပြုနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နည်းပညာဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇင်ဝေထွန်းက ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်း တက်ရောက်ခဲ့သည့် အတွေ့အကြုံများ၊ ပြုစုခဲ့သည့်စာတမ်းနှင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး



**ဘားအံ မေ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကရင်ပြည်နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရကျော် – ၁ က ခါကာဘိုရာဇီရေခဲတောင် ဇီဝမျိုးစုံမျိုးကွဲများအကြောင်း လေ့လာသုံးသပ်တင်ပြခြင်း၊ ဘားအံခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးပုမ်ဇဂင့်က သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အကြောင်းအရာများကို ရှင်းလင်းဟောပြောခြင်း၊ ဘားအံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက သစ်တောနှင့် ဇီဝမျိုးကွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် သစ်တောများ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအကြောင်းအရာများနှင့် သစ်တောများနှင့်ရေဝေရေလဲဒေသများထိန်းသိမ်းရေး၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေး ဟောပြောသည်။

အဆိုပါ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၃၇ ဦး တက်ရောက်ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် ဧပြီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးတင့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင် -၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုပ္ပားတောင်မကြီးအရှေ့ဘက်ရှိ မကြေးစည်ချောင်းကို အပန်းဖြေနေရာတစ်ခုအဖြစ် စိတ်ဝင်စားနေ



**ရန်ကုန် ဧပြီ ၂၆**

ပုပ္ပားတောင်မကြီး အရှေ့ဘက်ရှိ မကြေးစည်ချောင်းကို အပန်းဖြေနေရာတစ်ခုအဖြစ် စိတ်ဝင်စားနေကြကြောင်း အဆိုပါနေရာသို့ သွားရောက်ပြီးနောက် ဓာတ်ပုံများကို အွန်လိုင်းထက်တွင် ပြန်လည်မျှဝေရာမှတစ်ဆင့် မကြေးစည်ချောင်းကို လူသိများစေသူတစ်ဦးဖြစ်သည့် ကိုနေမျိုးလှိုင်က ပြောသည်။

အဆိုပါ မကြေးစည်ချောင်းမှာ ဆင်ဆင်းရွာအနီး တည်ရှိပြီး ဒေသခံများ အပန်းဖြေနေရာတစ်ခုဖြစ်ကာ အေးစိမ့်နေသည့် ရေတံခွန်ကျရေကြောင့် ရေချိုး၍ကောင်းသည့် နေရာတစ်ခုလည်းဖြစ်ကြောင်း ၎င်းက ပြောသည်။

“ဒီချောင်းကပုပ္ပားတောင်မကြီးက စိမ့်လာတဲ့ ရေပေါ့။ သူကတော့ ဒေသခံတွေကြားမှာ အပန်းဖြေစရာ နေရာကောင်းလေး တစ်ခုပေါ့။ ဒီချောင်းရေလေးကလည်း အေးစိမ့်နေတာပဲ။ ရေချိုးလို့ အလွန်ကောင်းတယ်။ ဒါကြောင့် လူတော်တော်များများ သဘောကျကြတယ်။ အခု နွေရာသီဆိုတော့ ရေချိုးဖို့ သွားကြတယ်။ သူတို့ ဒေသခံတွေကြားမှာ စိတ်အပန်းဖြေစရာနေရာလေး တစ်ခုပေါ့” ဟု ကိုနေမျိုးလှိုင်က ပြောသည်။

သကြံန်ကာလက ၎င်းဆိုင်၏ ဝန်ထမ်းများအားအပန်းဖြေခရီး လိုက်ပို့စဉ် မကြေးစည်ချောင်းသို့ အပန်းဖြေခရီး ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ဓာတ်ပုံရိုက်ဝါသနာရှင် တစ်ယောက်ဖြစ်၍ ဝါသနာအရ ဓာတ်ပုံရိုက်ဖြစ်ပြီး မှတ်တမ်းတင်ခဲ့ရာမှ Group များ၊ Page အချို့တွင် ဖော်ပြမှုများကြောင့် လက်ရှိတွင် မကြေးစည်ချောင်းကိုလူသိပိုများလာကြောင်းလည်း ပြောသည်။

“ဒေသခံတွေကြား ရေပန်းစားနေပြီး လူတွေနေရာသစ်လေးပေါ့။ ကျွန်တော်လည်း မကြေးစည်ချောင်းအကြောင်းကို ကြားဖူးနေတာ ရေချိုးရတာအဆင်ပြေတယ်။ ရေက အေးတယ်၊ နေရာလေးလည်း လှတယ်လို့ သိရတာနဲ့ ကျွန်တော့်ဆိုင်က ဝန်ထမ်းတွေကို သင်္ကြန်မှာ ခရီးလိုက်ပို့ဖြစ်ခဲ့တာပေါ့။ အဲဒီမှာ ရေပန်းစားနေတဲ့ မကြေးစည်ချောင်းကို သွားမလား ဆိုပြီးတော့ ဆိုင်ကဝန်ထမ်းကလေးတွေကို လိုက်ပို့ဖြစ်ခဲ့တာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဓာတ်ပုံဝါသနာရှင် တစ်ယောက်ဆိုတော့ ဝါသနာအရဓာတ်ပုံရိုက်ဖြစ်ပြီး မှတ်တမ်းတင်တာပေါ့။ အခု ကျွန်တော်ရိုက်ခဲ့တဲ့ ဓာတ်ပုံ အဲဒီချောင်းမှာဆိုရင် နွားကျောင်းသား၊ ဆိတ်ကျောင်းသားကလေးလေးတွေရေလာချိုးတာ။ အမြင့်ကြီးကနေ ရေထဲကို ဒိုက်ထိုးပြီး ခုန်ချတာ ပုံလေးရိုက်လာတာပေါ့။ ကျွန်တော်က ဓာတ်ပုံလေးရိုက်ပြီး တင်လိုက်တဲ့အချိန်မှာ သွားဖူးလာစရှိတဲ့ ညောင်ဦး၊ ပုပ္ပားဘက် အနီးဝန်းကျင်ရွာက မြို့က လူတွေက လူတွေ ပိုသိသွားတယ်။ ပြီးတော့ group တော်တော်များများမှာလည်း share ကြတာတွေရှိတော့ လူသိပိုများတယ်” ဟုလည်း ၎င်းက ပြောသည်။

အဆိုပါချောင်းသို့ သွားရောက်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အနေဖြင့် ပုလင်းခွံ၊ ပလတ်စတစ်တွေ၊ ဖော့ဘူးများ အစရှိသဖြင့် အမှိုက်ပစ်ခြင်းမျိုး မလုပ်စေလိုကြောင်း ၎င်းက ပြောသည်။

“လူသိပိုများပြီး လူသွားလာမှုများရင် အမှိုက်၊ ဘူးခွံ၊ ပလတ်စတစ်တွေပစ်တာမျိုးတွေ လုပ်မှာလည်း စိုးတယ်။ အမှိုက်တွေကြောင့် သဘာဝအတိုင်း လှပနေတဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးသွားတာမျိုးတွေလည်း မဖြစ်စေချင်ဘူး။ ဒါကြောင့် သွားတဲ့သူတွေအနေနဲ့ မိမိအမှိုက်တွေကို စနစ်တကျ ပြန်သိမ်းစေချင်ပါတယ်။ ကျွန်တော်တို့ သွားတုန်းကဆိုရင်လည်း ကိုယ်စားသောက်ပြီး ကုန်သွားတဲ့ အမှိုက်တွေကို ပြန်သယ်ခဲ့ပြီး အမှိုက်ပုံးတွေ့တဲ့ နေရာမှာ ပြန်ပစ်ခဲ့တယ်။ သဘာဝအလှအပ ပျက်စီးမှာစိုးတယ်” ဟုလည်း သဘာဝပတ်ဝန်းကျင်အမြင်အရ သုံးသပ်ဆိုသည်။ **MT**

# မေ ၁၀ ရက်တွင် စတင်ဖြေဆိုရမည့် (၁၆)ကြိမ်မြောက် EPS-TOPIK စာမေးပွဲ ဝန်ဆောင်မှုလုပ်ငန်းအုပ်စုတွင် မိန်းကလေးဖြေဆိုမည့်အရေအတွက် များပြား

**ရန်ကုန် ဧပြီ ၂၆**

မေ ၁၀ ရက်တွင် စတင်ဖြေဆိုရမည့် (၁၆)ကြိမ်မြောက် EPS - TOPIK စာမေးပွဲဝန်ဆောင်မှုလုပ်ငန်းအုပ်စုတွင် မိန်းကလေးဖြေဆိုသူအရေအတွက် များပြားကြောင်း သိရသည်။

“ဒီနှစ်က အမျိုးသမီးတွေကို ပထမဆုံး ခွင့်ပြုတာဆိုတော့ စိတ်ဝင်တစားနဲ့ လျှောက်ကြတဲ့သူတွေများတယ်။ ဝန်ဆောင်မှုလုပ်ငန်းအတွက် ဖြေဆိုမယ့်သူ ၉၀၀၀ လောက်မှာ မိန်းကလေးတွေက သုံးပုံနှစ်ပုံလောက်ပါတာတွေ့ရတယ်” ဟု ကိုရီးယားဘာသာ အလွတ်သင်တန်းဆရာမတစ်ဦးက ပြောသည်။

(၁၆) ကြိမ်မြောက် EPS - TOPIK စာမေးပွဲကျင်းပမည့် နေ့ရက်အနေဖြင့် စိုက်ပျိုး/မွေးမြူရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဧပြီ ၃၀ ရက်မှ မေ ၁၀ ရက်အထိ လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းအုပ်စု(၁)/(၂) အတွက် မေ ၁၀ ရက်မှ ၂၉ ရက်အထိ သတ်မှတ်ထားပြီး ကုန်ထုတ်လုပ်ငန်းအတွက် စာမေးပွဲကျင်းပပြုလုပ်မည့် နေ့ရက်ကို ဆက်လက် ကြေညာမည်ဟု အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီက ဧပြီ ၁၈ ရက်တွင် အသိပေးကြေညာထားသည်။

**ထုတ်ပြန်အသိပေး**

ကိုရီးယားဘာသာ အရည်အချင်းစစ်( EPS–TOPIK) စာမေးပွဲ ကုန်ထုတ်လုပ်ငန်း ဖြေဆိုခွင့် လျှောက်ထားပြီး စာမေးပွဲမှတ်ပုံတင်ကြေး ပေးသွင်းပြီးသူများသည် ဖြေဆိုခွင့်ဖြတ်ပိုင်းတွင် ဖြေဆိုခွင့်အမှတ်စဉ် ပါရှိမှသာ စာမေးပွဲဖြေဆိုခွင့် ရရှိမည်ဖြစ်ကာ၊ မပါရှိသူများသည် ဧပြီ ၂၆ ရက် နောက်ဆုံးထား၍ POEA ရုံးသို့အကြောင်းကြားရန်ကိုလည်း အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဧပြီ ၂၅ ရက်တွင် ထုတ်ပြန်အသိပေးခဲ့သည်။

စာမေးပွဲကျင်းပမည့်နေရာသည် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ပင်လုံခန်းမ (၄၃) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်တွင်ဖြစ်ပြီး အမျိုးသားများအနေဖြင့် ရုပ်အင်္ကျီနှင့် ပုဆိုးဝတ်ဆင်လာရန်နှင့် အမျိုးသမီးများအနေဖြင့် မြန်မာဝတ်စုံ ဝတ်ဆင်လာရန်လည်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အသိပေးထားသည်။

**တိုးချဲ့ခေါ်ယူမည်**

၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးအလုပ်ခန့်ထားမည့်စနစ်ဖြင့် (၁၆) ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ် စာမေးပွဲတွင် မြန်မာနိုင်ငံမှ လုပ်သားများကို ကိုရီးယားသမ္မတနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် ကျား/မ မရွေးဝင်ရောက်ဖြေဆိုခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ **MT**

# ဘီးလင်းမြို့နယ်၌ မြို့နယ်အဆင့် မြစိမ်းရောင်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပ

**ဘီးလင်း ဧပြီ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်က ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းကျေးရွာ ၁၄ ရွာမှ ကျေးရွာကော်မတီဝင်များကို စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာကော်မတီများက အုပ်စုများဖွဲ့၍ စီမံကိန်းလုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများ၊ အကြံပြုဆွေးနွေးကာ ဆွေးနွေးမှုရလဒ်များကို ပြန်လည်တင်ပြကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒခံယူမှုမှတစ်ဆင့် ဘဝမှာသိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ၊ လိုက်နာရမယ့် စိတ်နေစိတ်ထားတွေကို သိရှိခဲ့ရပါတယ်

**မောင်အောင်ကောင်းပြည့် (ဒွိဒသမတန်း၊ သုံးထပ်ကွမ်းလူရည်ချွန်၊ ရန်ကုန်တိုင်းဒေသကြီး)**



ဒေါက်တာစိုးဝင်း

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက်ရွေးချယ်ခံရသော နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၅၅၄ ဦးတို့အား ယနေ့တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တွေ့ဆုံကာ ဩဝါဒစကားမြွက်ကြားခဲ့သည်။

ထို့ပြင် လူရည်ချွန်မောင်မယ်များ အသိပညာ၊ အတတ်ပညာများ တိုးပွားစေပြီး နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု ပြခန်းများကို ခင်းကျင်းပြသထားရှိရာ လူရည်ချွန်မောင်မယ်များ စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဩဝါဒမြွက်ကြားခဲ့မှုအပေါ် ရရှိခဲ့ကြသည့် အသိပညာဗဟုသုတများနှင့် ပြခန်းများ ခင်းကျင်းပြသမှုအပေါ် ၎င်းတို့၏ ဝမ်းသာပီတိစကားသံများကို တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာစိုးဝင်း (အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန)**

ဒီနှစ်မှာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူရည်ချွန် စုစုပေါင်း ၅၅၄ ဦး ရွေးချယ်ခဲ့ပါတယ်။ ရွေးချယ်ခံရတဲ့ လူရည်ချွန်တွေဟာ အခြေခံပညာအဆင့်က လူရည်ချွန်တွေပဲဖြစ်ပါတယ်။ ဒီလူရည်ချွန်တွေမှာ အတန်းပညာအားဖြင့် ၉ တန်း၊ ၁၀ တန်း၊ ၁၁တန်းနဲ့ ၁၂ တန်းတွေ ပါဝင်ပါတယ်။ လူရည်ချွန်တွေ ရွေးချယ်တဲ့အခါ စာတော်ရုံတင်မက ဗဟုသုတပိုင်းမှာလည်း ကြွယ်ဝရပါမယ်။ အားကစားပိုင်းမှာလည်း ထူးချွန်ရပါမယ်။ အခုရွေးချယ်ခဲ့တဲ့ လူရည်ချွန်တွေဟာ ဘက်စုံထူးချွန်တဲ့ ကျောင်းသား၊ ကျောင်းသူတွေပဲဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့ဘဝကို လျှောက်လှမ်းတဲ့အခါမှာ စာတော်ရုံတင်မက ပေါင်းသင်းဆက်ဆံရေးလည်း ကျွမ်းကျင်ရပါမယ်။

လူရည်ချွန်တွေစခန်းတွေကို လေ့လာရေး သွားတဲ့အခါမှာလည်း အသိပညာဗဟုသုတတွေနဲ့ ဒေသန္တရဗဟုသုတများစွာ ရရှိလာကြမှာဖြစ်ပါတယ်။ နောက်ပြီး တိုင်းပြည်နဲ့ လူမျိုးချစ်စိတ်တွေလည်း တိုးပွားလာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ လက်ရှိတော့ လူရည်ချွန်တွေကို နေပြည်တော်စုရပ်စခန်းမှာ စုစည်းပြီး နေပြည်တော်က အထင်ကရနေရာတွေကို လေ့လာရေး ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီနေ့လို အခမ်းအနားတွေပြုလုပ်ပေးခြင်းအားဖြင့် လူငယ်တွေအတွက် အသိပညာပိုင်းရော၊ ဉာဏ်ပညာပိုင်းရော ပြည့်စုံသွားမှာဖြစ်ပါတယ်။ ဒီလိုပြည့်စုံသွားရင် တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

**မောင်အောင်ကောင်းပြည့်**
**(ဒွိဒသမတန်း၊ သုံးထပ်ကွမ်းလူရည်ချွန်၊ ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်တော်က လူရည်ချွန်သုံးထပ်ကွမ်းအထိရရှိအောင် ငယ်ငယ်ကတည်းက လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ ကာယကြံ့ခိုင်မှုနဲ့ အကျင့်စာရိတ္တကောင်းမွန်စေဖို့အတွက် သင်ယူခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒခံယူမှုက လူရည်ချွန်မောင်မယ်တွေအားလုံးအတွက် အလွန်အရေးပါလှပါတယ်။ ကျွန်တော်တို့က အနာဂတ်မှာ နိုင်ငံတော်ရဲ့ တာဝန်တွေကို ပခုံးလွှဲပြောင်းတာဝန်ယူရမှာဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒခံယူမှုမှ



မောင်အောင်ကောင်းပြည့်



မောင်သာထက်



မသီရိထွန်း



မဆုရည်ဝင်းထက်



မမြင့်မြတ်ကြည်



နော်မိုးကဗျာမောင်

တစ်ဆင့် ဘဝမှာ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ၊ လိုက်နာရမယ့် စိတ်နေစိတ်ထားတွေကို သိရှိခဲ့ပါတယ်။ ဝန်ကြီးဌာနတွေရဲ့ ပြခန်းတွေက ကျွန်တော်တို့အတွက် အကျိုးကျေးဇူးအများကြီး ရရှိစေပါတယ်။ လူရည်ချွန်မောင်မယ်တွေအားလုံး ဝန်ကြီးဌာနတစ်ခုချင်းစီနဲ့ သက်ဆိုင်တဲ့ ဆောင်ရွက်ချက်တွေကို သိရှိစေနိုင်တဲ့အတွက် အသိပညာဗဟုသုတ ရရှိစေတဲ့ ပွဲတစ်ခုလည်းဖြစ်ပါတယ်။ ကျွန်တော်က အနာဂတ်မှာ နိုင်ငံတော်ရဲ့ တာဝန်တွေကို တစ်ဖက်တစ်လမ်းကနေ တာဝန်ယူနိုင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပြခန်းမှာဆိုရင် စီနီယာ လူရည်ချွန်ဆေးကျောင်းသားအစ်ကို၊ အစ်မတွေဆီက သိချင်တဲ့ မေးခွန်းလေးတွေ မေးဖြစ်ပါတယ်။ ညီလေး၊ ညီမလေးတွေ လူရည်ချွန်ဆိုတဲ့ ဂုဏ်ကိုထိန်းသိမ်းဖို့အတွက် လူရည်ချွန်ကျင့်ဝတ်လေးတွေကိုလိုက်နာပြီး နိုင်ငံ့သားကောင်းတွေဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

**မောင်သာထက်**
**(ဒွိဒသမတန်း၊ တစ်ထပ်ကွမ်းလူရည်ချွန်၊ မန္တလေးတိုင်းဒေသကြီး)**

ကျွန်တော် လူရည်ချွန်တစ်ယောက်ဖြစ်ဖို့အတွက် စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကိုယ်ကာယကြံ့ခိုင်မှု၊ အထွေထွေဗဟုသုတတွေကို ကြိုးစားခဲ့ရပါတယ်။ ဒီနေ့ဩဝါဒခံယူပွဲက ကျွန်တော်တို့အတွက် အကျိုးကျေးဇူးတွေ အများကြီးရရှိစေပါတယ်။ ကျွန်တော်တို့ လူငယ်တွေအပေါ်မှာ နိုင်ငံတော်အကြီးအကဲတွေရဲ့ အဆိုအမိန့်တွေဆိုတာက တန်ဖိုးထားထိုက်တဲ့ စကားတွေဖြစ်တဲ့အတွက် နားထဲစွဲမြဲနေအောင် မှတ်သားထားပါတယ်။ ဝန်ကြီးဌာနတွေရဲ့ ပြခန်းတွေကလည်း ကျွန်တော်တို့ရဲ့ အသိပညာတွေတိုးပွားဖို့အတွက် အထောက်အကူဖြစ်စေပါတယ်။ ကျွန်တော်က ပြခန်းတွေထဲမှာ သမဝါယမပြခန်းကို ပိုပြီး စိတ်ဝင်စားပါတယ်။ ကျွန်တော်က အနာဂတ်မှာ ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့အတွက် ကျန်းမာရေးပြခန်းကိုလည်း လေ့လာဖြစ်ပါတယ်။ အဲဒီပြခန်းတွေကိုလေ့လာပြီး အနာဂတ်မှာ ကျွန်တော်တို့လူငယ်တွေ ဘယ်လိုပါဝင်အားဖြည့်ရမယ်၊ လူငယ်တွေရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်ဆိုတာကို သိရှိရပါတယ်။ ညီလေး၊ ညီမလေးတွေအနေနဲ့ လူရည်ချွန်တစ်ယောက်ဖြစ်အောင် ကြိုးစားပါ။ နိုင်ငံတော်ရဲ့ သားကောင်းရတနာတစ်ယောက်ဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

**မသီရိထွန်း(ဧကာဒသမတန်း၊**
**နှစ်ထပ်ကွမ်းလူရည်ချွန်၊**
**မန္တလေးတိုင်းဒေသကြီး)**

ဒီနေ့အခမ်းအနားကို တက်ရောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဩဝါဒစကားကို နားထောင်ခွင့်ရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒစကားကိုခံယူပြီး နောင်တစ်ခေတ်ရဲ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေမှာ တစ်ထောင့်တစ်နေရာကနေ ကြိုးစားပါဝင်သွားမှာဖြစ်ပါတယ်။ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့လည်း ခံယူချက်ထားပါတယ်။ ဝန်ကြီးဌာနအလိုက် ပြခန်းတွေကို လေ့လာခွင့်ရတဲ့အတွက်လည်း ဗဟုသုတတွေ များစွာရရှိခဲ့ပါတယ်။ နည်းပညာဆိုင်ရာပြခန်းတွေကို လေ့လာခွင့်ရတဲ့အတွက်လည်း တိုးတက်ပြောင်းလဲနေတဲ့ ကမ္ဘာကြီးရဲ့ နည်းပညာအသစ်အဆန်းတွေကို လေ့လာခွင့်ရခဲ့ပါတယ်။ လူရည်ချွန်ဖြစ်ဖို့ဆိုတာ လွယ်ကူတဲ့အရာတစ်ခု မဟုတ်ပါဘူး။ ကာယပိုင်းနဲ့ ဉာဏပိုင်းဆိုင်ရာတွေမှာ အားလုံးပြည့်စုံနေမှ လူရည်ချွန်ဖြစ်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူရည်ချွန်ဖြစ်ဖို့ဆိုရင် ငယ်ငယ်ကတည်းက အစဉ်မပြတ်ကြိုးစားနေရမှာဖြစ်ပါတယ်။

**မဆုရည်ဝင်းထက်**
**(ဒွိဒသမတန်း၊ တစ်ထပ်ကွမ်းလူရည်ချွန်၊ မကွေးတိုင်းဒေသကြီး)**

ဒီနေ့အခမ်းအနားကို ကျွန်မအနေနဲ့ ပထမဆုံး တက်ရောက်ဖူးတာဖြစ်တဲ့အတွက် အလွန်ကိုစိတ်လှုပ်ရှားမိပါတယ်။ နောက်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ဩဝါဒကို ခံယူရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဩဝါဒဆုံးမစကားတွေဟာ ကျွန်မတို့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အသိပညာဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်။ ဝန်ကြီးဌာနပြခန်းတွေမှာလည်း နည်းပညာအသစ်အဆန်းတွေနဲ့ ကဏ္ဍပေါင်းစုံလင်စွာ ပါဝင်တဲ့အတွက် စုံစုံလင်လင်လေ့လာခွင့်ရခဲ့ပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ ကျောင်းစာတွေကို သေချာကြိုးစားရတဲ့အပြင် ပြင်ပဗဟုသုတတွေကိုလည်း အမြဲမပြတ် လေ့လာခဲ့ရပါတယ်။ နောင်မျိုးဆက်သစ်တွေအနေနဲ့လည်း ကျောင်းစာအပြင် ဘက်စုံထူးချွန်အောင် လေ့ကျင့်သင်ကြားပြီး လူရည်ချွန်ဖြစ်အောင် ကြိုးစားကြစေလိုပါတယ်။

**မမြင့်မြတ်ကြည်**
**(ဒွိဒသမတန်း၊ နှစ်ထပ်ကွမ်းလူရည်ချွန်၊ စစ်ကိုင်းတိုင်းဒေသကြီး)**

ကျွန်မအနေနဲ့ နှစ်ထပ်ကွမ်းလူရည်ချွန်အဖြစ် နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒခံယူပွဲကို တက်ရောက်ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။ ဝန်ကြီးဌာနအလိုက် ပြခန်းတွေကို ကြည့်ရှုခွင့်ရတဲ့အတွက်လည်း ပြင်ပဗဟုသုတများစွာ ရရှိပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ အိမ်ကမိသားစုက အများကြီးထောက်ပံ့ခဲ့ပါတယ်။ ငယ်ငယ်ကတည်းက အထွေထွေဗဟုသုတတိုးပွားစေဖို့ သတင်းစာတွေဖတ်ပါတယ်။ ရုပ်မြင်သံကြားကလာတဲ့ သတင်းတွေကိုလည်း အမြဲမပြတ်ကြည့်ဖြစ်ပါတယ်။ ကျောင်းစာထူးချွန်အောင်လည်း ကြိုးစားခဲ့ရပါတယ်။ ကိုယ်ကာယပိုင်းကြံ့ခိုင်အောင်လည်း သေချာလေ့ကျင့်ခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ သင်ကြားပေးခဲ့ပါတယ်။ လူရည်ချွန်ဖြစ်ရတာ များစွာဂုဏ်ယူစရာကောင်းတဲ့အတွက် မောင်လေး၊ ညီမလေးတို့အနေနဲ့ ကြိုးစားကြပါလို့ အားပေးလိုပါတယ်။

**နော်မိုးကဗျာမောင်**
**(ဒသမတန်း၊ နှစ်ထပ်ကွမ်းလူရည်ချွန်၊ ကရင်ပြည်နယ်)**

နိုင်ငံတော်က ကျွန်မတို့ လူရည်ချွန်မောင်မယ်တွေအတွက် ကျင်းပပေးတဲ့ အခမ်းအနားကို တက်ရောက်ရတဲ့အတွက် များစွာ ပျော်ရွှင်ဝမ်းမြောက်မိပါတယ်။ ဒါကြောင့်ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိသလို နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ လူရည်ချွန်တွေ အသိပညာတိုးပွားအောင် ဝန်ကြီးဌာနပြခန်းတွေ ခင်းကျင်းပြသပေးတဲ့အတွက်လည်း ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ ပြခန်းတာဝန်ရှိသူတွေကလည်း ကဏ္ဍအလိုက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အားလုံးကို ရှင်းလင်းပြောကြားပေးတဲ့အတွက်လည်း သေချာသိရှိခွင့်ရခဲ့ပါတယ်။ လူရည်ချွန်ဆိုတာ အဘက်ဘက်က ထူးချွန်ရမှာဖြစ်ပါတယ်။ အားနည်းချက်မရှိအောင်ကို ကြိုးစားခဲ့ရပါတယ်။ လူရည်ချွန်ဖြစ်ချင်တဲ့ မောင်၊ ညီမလေးတွေ ကြိုးစားကြပါ။ တစ်ခါတလေမှာ စိတ်ပင်ပန်းမှုတွေ၊ ကျရှုံးချင်တဲ့ စိတ်တွေဖြစ်ပေါ်လာတတ်ပါတယ်။ ဒီစိတ်တွေကို အကောင်းဆုံးကျော်လွှားပြီး ကြိုးစားကြပါ။ လူရည်ချွန်ဖြစ်ဖို့ဆိုရင် စိတ်ဓာတ်ခိုင်မာရပါမယ်။ ဒါကြောင့် ကိုယ့်တိုင်းဒေသကြီးနဲ့ ပြည်နယ်ဂုဏ်ကို ဆောင်နိုင်မယ့် လူရည်ချွန်ဖြစ်အောင် ကြိုးစားကြစေလိုပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - နော်ပြည့်စုံ**

# ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတကာအကူအညီမပါရှိဘဲ မိမိတို့နိုင်ငံအင်အားဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်





နေပြည်တော် မေ ၂၆

**၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အောင်မြင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။**

အခမ်းအနားသို့ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူမည်ဖြစ်ရာ အချိန်ကာလအားဖြင့် အလွန်နီးကပ်နေပြီဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် မူဝါဒများချမှတ်ရာတွင် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ပညာရေးဝန်ထမ်းများက အဓိကပါဝင်မည်ဖြစ်ပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသား/ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ (Volunteers) များ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း သင်တန်းအဆင့်ဆင့်ကို လာမည့်ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် စာရင်းကောက်ယူမည့် Mobile Tablet များအပါအဝင် လုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများကို စာရင်းစစ်၊ စာရင်းကောက်များထံ အချိန်မီ ထုတ်ပေးနိုင်ရေးနှင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကိုကြီးကြပ်မှုကော်မတီများအနေဖြင့် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းနှင့် ပတ်သက်၍ စမ်းသပ်သန်းခေါင်စာရင်းမှ ရရှိလာသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကိုအခြေခံ၍ကောက်ကွက်ဖွဲ့စည်းခြင်း၊ သန်းခေါင်စာရင်းမေးခွန်းပုံစံ ပြင်ဆင်အတည်ပြုခြင်းတို့ကို သတ်မှတ် အချိန်ဇယားအတိုင်း အချိန်မီပြီးစီးရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ထို့ပြင် CAPI စနစ် ပြင်ဆင်တည်ဆောက်ခြင်း၊ စာရင်းစစ်၊ စာရင်းကောက် လက်စွဲစာစောင်များ၊ သင်တန်းလမ်းညွှန်စာစောင်များပြုစုခြင်းတို့ကိုလည်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေး အသေးစိတ်လုပ်ငန်း အစီအစဉ်များကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီများမှတစ်ဆင့် ကော်မတီအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ ထပ်ဆင့်ညွှန်ကြားဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် နည်းပညာလိုအပ်ချက်များ၊ ဆိုက်ဘာလုံခြုံရေးနှင့် အခြားသောနယ်မြေဒေသလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခု ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို နိုင်ငံတကာအကူအညီမပါရှိဘဲ မိမိတို့ နိုင်ငံအင်အားဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက်အားလုံးကအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ နိုင်ငံတော်အစိုးရ၏ မှတ်တိုင်တစ်ခု စိုက်ထူမှတ်ကျောက်တင်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အတွင်းရေးမှူး (၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊နေပြည်တော် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များက သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အောင်မြင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းစစ်၊ စာရင်းကောက်များဖွဲ့စည်းမှု၊ သင်တန်းများဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြပြီး သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်မည့် ပြည်သူလူထု အသိပညာပေး TV Spot များကို ပြသသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးဖြည့်စွက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှအမေရိကန်ဒေါ်လာ ၂၁၂၄ သန်း ရင်းနှီးမြှုပ်နှံထား ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရေး လာရောက်ဆွေးနွေး



**ရန်ကုန် မေ ၂၆**

Thailand – Myanmar Business Council (TMBC)မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ One – Stop Service Center မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးဆိုင်ရာ ပထမအတွင်းဝန် Mr.Witchu Sopana၊ Thailand–Myanmar Business Council (TMBC)အဖွဲ့မှ ဥက္ကဋ္ဌ Mr. Kich Aungvitulsatit၊ The Federation of Thai Industries(FTI) မှ ဒုတိယဥက္ကဋ္ဌ Mr. Chartchai Panichewa၊ SME Promotion မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wachira Kaewkor၊ TMBC မှ အတွင်းရေးမှူး Mr. Thanawat Chitbanterngpan၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာနမှ ညွှန်ကြားရေးမှူး Mr. Jarunee Hor–sirimanont နှင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၃၀ ကျော်တို့ တက်ရောက်ကြသည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံတော်မှ စီးပွားရေးအခွင့်အလမ်းများစွာ ဖော်ဆောင်ထားရှိမှုနှင့် သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာများ၊ Explore Business Opportunities in Myanmar နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးရာ Thailand–Myanmar Business Council (TMBC) မှ စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Mr. Kich Aungvitulsatit က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော အစဉ်အလာဖြင့် အိမ်နီးချင်းကောင်းပီသစွာ လက်တွဲဆောင်ရွက်နေမှုနှင့် စီးပွားရေးကဏ္ဍ၌ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့ကို ပွင့်လင်းစွာ ဆွေးနွေးသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များအား သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှုတို့တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစွာ ဖော်ဆောင်ထားရှိမှုတို့ကို အသေးစိတ် ရှင်းလင်းပြသသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁၂၄ သန်း ရင်းနှီးမြှုပ်နှံထားကာ အဆိုပါ နိုင်ငံတို့တွင် ထိုင်းနိုင်ငံက တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံတွင် အောင်မြင်လျက်ရှိသည့် အထူးစီးပွားရေးဇုန် တစ်ခုဖြစ်ပြီး ပြည်ပသို့ ပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပမှ သွင်းကုန်အစားထိုး လုပ်ငန်းများ ဆောင်ရွက်၍ နိုင်ငံအတွက် လိုအပ်သည့် ဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လူစီးမော်တော်ယာဉ်များ အပါအဝင် ကုန်ချော ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။

ပြည်တွင်းရှိ MSME လုပ်ငန်းများနှင့်ချိတ်ဆက်၍ ပြည်ပသွင်းကုန် အစားထိုးဆောင်ရွက်ခြင်း၊ MSME ထုတ်ကုန်များကို အသုံးပြု၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေးကို နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ စနစ်တကျဆောင်ရွက်လျက်ရှိရာ အောင်မြင်နေသော အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ယခုတွေ့ဆုံဆွေးနွေးမှုမှ နှစ်နိုင်ငံအကျိုးတူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများကို ထပ်မံဖော်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – သီဟ**



တပ်မတော်စစ်ကြောင်းများမှ ကော့ဘိန်းကျေးရွာအား ပြန်လည်ထိန်းချုပ်ပြီးနောက် တွေ့ရှိရပုံ။



KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ (၂၅-၄-၂၀၂၄) ရက်နေ့ ဖရိုဖရဲထွက်ပြေးစဉ် ကော့ဘိန်းကျေးရွာရဲစခန်းအား မီးရှို့ဖျက်ဆီးထားရှိခဲ့မှု။

○ *ကျောဖုံးမှ*

တပ်မတော် စစ်ကြောင်းများက ဒေသခံပြည်သူများ ပြန်လည်နေထိုင်နိုင်ရန်အတွက် ကော့ဘိန်းကျေးရွာ၊ ခမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter – Terrorism Operation) ကို ဧပြီ ၁၁ ရက်မှစတင်၍ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် စုစုပေါင်းထိတွေ့တိုက်ပွဲ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့နှင့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ၍ မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခမ္မသတ်ကျေးရွာအား ဧပြီ ၂၂ ရက်တွင်လည်းကောင်း၊ ကော့ဘိန်းကျေးရွာအား ဧပြီ ၂၅ ရက်တွင်လည်းကောင်း၊ တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကော့ဘိန်းကျေးရွာ၊ ခမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များတွင် အကာအကွယ်ရယူပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ် အဆောက်အဦများအကြားနှင့် အများပြည်သူ သွားလာ



ကော့ဘိန်းနှင့် ခမ္မသတ်ကျေးရွာတိုက်ပွဲဖြစ်စဉ်များ၌ သိမ်းဆည်းရရှိခဲ့သည့် လက်နက်များ။



အသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ ချီတက်တိုက်ခိုက်ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့ရပြီး ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက်ရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အဦများ၊ ရဲစခန်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့) နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် မြို့တွင်းရှိ အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်း



အကြမ်းဖက်အဖွဲ့များ ဖရိုဖရဲထွက်ပြေးစဉ် လမ်းကြောင်းတစ်လျှောက် မီးရှို့ဖျက်ဆီးသွားမှု။





ကော့ဘိန်းနှင့် ခမ္မသတ်ကျေးရွာတိုက်ပွဲဖြစ်စဉ်များ၌ သိမ်းဆည်းရရှိခဲ့သည့် လက်နက်များ။

များကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း ကော့ဘိန်းကျေးရွာ၊ ခမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ နေရပ်စွန့်ခွာဒေသခံ ပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး အဆိုပါကျေးရွာများ၌ တည်ငြိမ်အေးချမ်းပြီဖြစ်သည့်အတွက် အေးချမ်းစွာနေထိုင်လျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် မိမိကျေးရွာများသို့ စတင်ပြန်လည်ဝင်ရောက်နေထိုင်လာကြပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MNL Cup **ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက် ဂိုးပြတ်အနိုင်ရပြီး ရခိုင်ယူနိုက်တက် နိုင်ပွဲဆက်**

**ရန်ကုန် ဧပြီ ၂၆**

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များကို ဧပြီ ၂၆ ရက်က ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်အသင်း အနိုင်ရရှိသည်။



ရှမ်းယူနိုက်တက်နှင့် Rainbow အသင်း ယှဉ်ပြိုင်စဉ်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက Rainbow အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် Rainbow အသင်းကို ဂိုးပြတ်သွင်းယူပြီး နိုင်ပွဲပြန်ရခဲ့သဖြင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ကာ Rainbow အသင်းမှာလည်း အမာခံများဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ မိနစ် ၂၀ မှ အဖွင့်ဂိုးရခဲ့သော်လည်း ဂိုးများဆက်တိုက်ရရှိခဲ့ပြီး မိနစ် ၂၀ တွင် နန္ဒကျော်၊ ၃၄ မိနစ်တွင် ထက်ဖြိုးဝေ၊ ၄၅ မိနစ်တွင် သူရိန်ထွန်းတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားများပြောင်းလဲခဲ့ပြီး မိုတိဟီရိုက ၄၉၊ ၅၆၊ ၆၇ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး နောက်ဆုံးဂိုးကို ၈၈ မိနစ်တွင် စအောင်ပြည့်ကိုတို့က သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက Glory Goal အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ၅၄၊ ၇၆ မိနစ်တွင် တိုက်စစ်မှူး ကျော်ကိုကို သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အုပ်စု (ခ) တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ငါးပွဲကစား ၁၂ မှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက လေးပွဲကစား ကိုးမှတ်၊ Glory Goal အသင်းက ငါးပွဲကစား သုံးမှတ်ရထားပြီး Rainbow အသင်းမှာမူ ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ဧပြီ ၂၇ ရက် **(ယနေ့)** တွင် အုပ်စု (ဂ) ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–MNL**

# ကနေဒါနိုင်ငံတွင် လျှပ်စစ်ကားဘက်ထရီ စက်ရုံသစ်တည်ဆောက်မည်ဟု ဟွန်ဒါကြေညာ

**တိုကျို မေ ၂၆**


မြောက်အမေရိကတွင် လျှပ်စစ်ကား လိုအပ်ချက် မြင့်မားလာရာ အဆိုပါလိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ကား စက်ရုံနှင့် ဘက်ထရီစက်ရုံသစ်တို့ကို ကနေဒါနိုင်ငံတွင် တည်ဆောက်သွားရန် အစီအစဉ်ရှိကြောင်း ဟွန်ဒါကားကုမ္ပဏီက ကြေညာခဲ့သည်။

အွန်တေရီယိုပြည်နယ် အဲလစ်စတန်တွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံတန် ရင်းနှီးမြှုပ်နှံသွားမည်ဟု ဂျပန်ကားကုမ္ပဏီဖြစ်သည့် ဟွန်ဒါကားကုမ္ပဏီက ကြေညာခဲ့သည်။ ဟွန်ဒါကားကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ မီဘဲတိုရှီဟီရို နှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုတို့သည် မေ ၂၅ ရက်က သတင်းထောက်များနှင့် တွေ့ဆုံခဲ့သည်။

စက်ရုံသစ်များသည် လျှပ်စစ်ကားထုတ်လုပ်ရေးစနစ်ကို တိုးချဲ့မြှင့်တင်ပေးနိုင်မည်ဟု ဟွန်ဒါကားကုမ္ပဏီဥက္ကဋ္ဌက ပြောသည်။ အဲလစ်စတန်ရှိ စက်ရုံ၌ တစ်နှစ်လျှင် ကားအစီးရေ ၂၄၀၀၀၀ အထိ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။ ၂၀၂၈ ခုနှစ်တွင် ထုတ်လုပ်ရေးပိုင်း စတင်မည်ဖြစ်သည်။ ပြည်တွင်း၌ပင် ဘက်ထရီထုတ်လုပ်ခြင်းဖြင့် ကုန်ကျစရိတ်ကို လက်ရှိနှုန်းထက် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု ဟွန်ဒါက ယူဆထားသည်။

ရင်းနှီးမြှုပ်နှံမှုတွင် ၎င်း၏မိတ်ဖက်ကုမ္ပဏီများ၏ပံ့ပိုးမှုလည်းပါဝင်သည်ဟု ကုမ္ပဏီကပြောသည်။ ကနေဒါအစိုးရထံမှ ထောက်ပံ့ကြေးများ ရရှိရန်လည်း ဆွေးနွေးနေကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



## ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် အပစ်အခတ်ရပ်စဲရေးတို့ ဆွေးနွေးရန် အီဂျစ်ကိုယ်စားလှယ်အဖွဲ့ အစ္စရေးသို့ သွားမည်

**ကိုင်ရို မေ ၂၆**

အပစ်အခတ်ရပ်စဲရေးနှင့် ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အီဂျစ်ကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးသို့ သွားရောက်မည်ဟု အရှေ့အလယ်ပိုင်းမီဒီယာများတွင် ဖော်ပြကြသည်။

**စေ့စပ်ညှိနှိုင်းမှု ရှေ့မတိုး နောက်မဆုတ်**

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် အီဂျစ်ထောက်လှမ်းရေး အေဂျင်စီအကြီးအကဲပါဝင်ပြီး မေ ၂၆ ရက်တွင် အစ္စရေးသို့ ရောက်ရှိမည်ဟု သိရသည်။ အစ္စရေးနှင့် ဟားမားစ်တို့အကြား ဆွေးနွေးပွဲတွင် အီဂျစ်နိုင်ငံသည် ကာတာနိုင်ငံနှင့်အတူ ကြားဝင်စေ့စပ်ပေးလျက်ရှိသည်။ သို့သော်လည်း နှစ်ဖက်စလုံးမှ အခြေခံသဘောတူညီချက်များ ရရှိရန် ပျက်ကွက်ခဲ့သည့်အတွက် စေ့စပ်ညှိနှိုင်းမှုများမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေဖြစ်နေသည်။

အစ္စရေးတပ်ဖွဲ့သည် ဂါဇာတောင်ပိုင်းမြို့ ရာဖာကို မြေပြင်ထိုးစစ်ဆင်နွှဲရန် အဆင်သင့်ဖြစ်နေပြီဟု သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါမြို့တွင် ဘေးလွတ်ရာ ရှောင်ရှားလာသူများအပါအဝင် လူပေါင်း ၁ ဒသမ ၂ သန်းခန့် နေထိုင်ကြသည်။ ဓားစာခံများ ပြန်လွှတ်ပေးရေး အလေးပေးဆောင်ရွက်ရန် ပြည်တွင်း၌ အစ္စရေးအစိုးရကို တောင်းဆိုမှုများ မြင့်မားလာလျက်ရှိသည်။

**သေဆုံးသူ ၃၄၃၀၅ ဦး အထိရှိလာ**

ရာဖာမြို့တွင် ထိုးစစ်ဆင်မှုရှောင်ရှားရန် အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားသော နိုင်ငံများက တိုက်တွန်းလျက်ရှိသည်။ ထိုစဉ် အစ္စရေးတပ်ဖွဲ့သည် ဂါဇာ၌ မေ ၂၆ ရက်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ဂါဇာဒေသတွင် ဟားမားစ်နှင့် အစ္စရေးတို့ ပဋိပက္ခစတင်သည့်အချိန်မှစကာ သေဆုံးသူဦးရေမှာ ၃၄၃၀၅ ဦး အထိရှိလာပြီဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

အင်န်အိတ်ချ်ကေ

## တရုတ်နိုင်ငံ၌ သဲမုန်တိုင်းများ တိုက်ခတ်နိုင်မှု အပြာရောင်သတိပေးချက် ထုတ်ပြန်

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံ၏ အနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် သဲမုန်တိုင်းများ တိုက်ခတ်လာနိုင်မှုအတွက် တရုတ်နိုင်ငံအမျိုးသား စောင့်ကြည့်လေ့လာရေးဌာနက အပြာရောင်သတိပေးချက် ထုတ်ပြန်ခဲ့သည်။ မေ ၂၆ ရက် ညနေပိုင်းမှ ၂၇ ရက် ညနေပိုင်းအထိ ရှန်ကျန်း၊ ချင်ဟိုင်း၊ ကန်းစုတို့တွင် သဲနှင့်ဖုန်မှုန့်များပါဝင်သည့် လေပြင်း တိုက်ခတ်နိုင်သည်ဟု အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းထားသည်။

လေပြင်းနှင့် သဲမုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန်လည်း ပြည်သူများကို တိုက်တွန်းထားသည်။ တရုတ်နိုင်ငံ၌ သဲမုန်တိုင်း ရာသီဥတုသတိပေးမှုစနစ်တွင် အရောင်သုံးရောင်ဖြင့် သတ်မှတ်ထားပြီး လိမ္မော်ရောင်မှာ အပြင်းထန်ဆုံး သတိပေးမှုဖြစ်ပြီး ယင်းနောက်တွင် အဝါရောင်နှင့်အပြာရောင်ဟူ၍ သတ်မှတ်ထားသည်။

ဆင်ဟွာ

## လာအိုနိုင်ငံမြောက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်ရာနှင့်ချီ ပျက်စီး

**ဗီယင်ကျန်း မေ ၂၆**

လာအိုနိုင်ငံမြောက်ပိုင်း ဆာရာဘူရီပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှု ဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးသီးများကြွေကျမှု ဖြစ်ပွားသဖြင့် ကျေးရွာ ၂၀ မှ နေအိမ် ၅၂၀ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



လာအိုနိုင်ငံ အဆိုပါပြည်နယ်သို့ မေ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီဝန်းကျင်က မုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့သဖြင့် ကျောင်းခုနစ်ကျောင်း၊ ပြည်နယ်ဆေးရုံတစ်ခု၊ ဈေးတစ်ခုနှင့် ဘုရားကျောင်း ငါးကျောင်းပျက်စီးမှုများ ဖြစ်ပွားသည်။

ထို့ပြင် လျှပ်စစ်မီးတိုင် ကိုးခု၊ ၂၂ ကေဗွီဓာတ်အားလိုင်းများပျက်စီးခဲ့ပြီး ကြက်ခြံတစ်ခုနှင့် ယာဉ်ခုနစ်စီးလည်း ပျက်စီးခဲ့ကြောင်း ပြည်တွင်းသတင်း ဝက်ဘ်ဆိုက်ဖြစ်သည့် လာအိုပတ္တနာသတင်းက မေ ၂၆ ရက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ မီးလောင်မှုဖြစ်ပွား ခြောက်ဦးထက်မနည်း သေဆုံး

**နယူးဒေလီ မေ ၂၆**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ မင်္ဂလာဆောင်အခမ်းအနားတစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က မေ ၂၆ ရက်တွင် ပြောကြားသည်။

ဘီဟာ၏ မြို့တော်ပတ္တနာ၏ အရှေ့မြောက်ဘက် ၁၈၄ ကီလိုမီတာခန့်အကွာရှိ ဒက်ဟန်ဂါခရိုင် အလီနာဂါဒေသ၌ မေ ၂၅ ရက် ညပိုင်းက မီးရှူးမီးပန်းပစ်ဖောက်ခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မီးရှူးမီးပန်းများ ဖောက်ခွဲချိန်အတွင်း မင်္ဂလာပွဲအတွက် တည်ဆောက်ထားသည့် မဏ္ဍပ်မီးလောင်ခဲ့ပြီး အနီးအနားရှိနေအိမ်သို့ မီးကူးစက်လောင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ မီးလောင်မှုကြောင့် နွားသုံးကောင်လည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



## အာဖရိက ဦးချိုဒေသမှ နိုင်ငံအများအပြားတွင် ဇူလိုင်လအထိ မိုးသည်းထန်စွာ ရွာသွန်းဖွယ်ရှိ

**နိုင်ရိုဘီ မေ ၂၆**

အာဖရိကဦးချိုဒေသမှ နိုင်ငံအများအပြားတွင် မေလမှ ဇူလိုင်လအတွင်း ပုံမှန်ထက် မိုးသည်းထန်စွာ ရွာသွန်းနိုင်ဖွယ်ရှိကြောင်း ရာသီဥတုခန့်မှန်းမှုနှင့် အသုံးပြုမှုစင်တာ (အိုင်စီပီအေစီ) က မေ ၂၆ ရက်တွင် ပြောကြားသည်။

မြောက်ပိုင်းဒေသအများစုတွင် မိုးပိုလာနိုင်ကြောင်း အိုင်စီပီအေစီကခန့်မှန်းထားပြီး အထူးသဖြင့် ဆူဒန်၊ တောင်ဆူဒန်၊ အီသီယိုးပီးယား၊ အီရီထရီးယား၊ ဂျီဘူတီ၊ ဆိုမာလီယာ၊ ယူဂန်ဒာနှင့် ကင်ညာကမ်းရိုးတန်းတို့ ဖြစ်ကြောင်း အိုင်စီပီအေစီက ပြောကြားသည်။ ယခုအခါ ပုံမှန်မဟုတ်သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ကြုံတွေ့နေရပြီး လူသေဆုံးစေသည့် ရေကြီးရေလျှံမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ကင်ညာနိုင်ငံ၌ ရေကြီးရေလျှံမှု ဖြစ်ပွားသဖြင့် လူပေါင်း ၅၀ ကျော် သေဆုံးကာ ထောင်နှင့်ချီပြီး နေရာပြောင်းရွှေ့ရကြောင်း ကင်ညာနိုင်ငံ ကြက်ခြေနီအသင်းက ပြောကြားသည်။

အလားတူ အိမ်နီးချင်း တန်ဇန်းနီးယားနိုင်ငံ၌လည်း ရေကြီးမှုကြောင့် ၁၅၅ ဦး သေဆုံးပြီး နှစ်သိန်းကျော် နေရာပြောင်းရွှေ့ခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆင်ဟွာ

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



ရေကြောင်းလူငယ်သင်တန်းသူများအား သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပြသပေးစဉ်။

**နေပြည်တော် မေ ၂၆**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်း ပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ် များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ) က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း များ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ် သင်တန်းဖွင့်ပွဲများကို မေ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင် တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေး လျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း များကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ (၂) ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦး၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦး၊ ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော် (လေ)က အခြေခံ လေကြောင်းလူငယ် သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်း နှင့် မွန်းလွဲပိုင်းတို့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ် ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများ ဘာသာ ရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ဓာတ်သွေး၊ ဓာတ်မာန်ဘာသာ ရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း ဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၇၀၊ မိတ္ထီလာမြို့ရှိ မြန်မာပြည် မြောက်ပိုင်းသင်တန်းစခန်း မှ သင်တန်းသား ၅၀၊ မော်လမြိုင်မြို့ရှိ မော်လမြိုင် သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ ပြည်မြို့ရှိ ပြည် သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြ များက လေ့ကျင့် သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်း သား သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ် သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း များ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




လေကြောင်းလူငယ်သင်တန်းသားများ။

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် မေ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ညစ်ညမ်းသော တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်မှုများနှင့်ပတ်သက်၍ သတိပေးတားမြစ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့် ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်း သော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့် ပတ်သက်၍ ထုတ်လုပ် သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

သက်ဆိုင်ရာအလိုက် ဖွဲ့စည်းထားသော အစည်းအရုံးများကလည်း လိုအပ်သလို ထိန်းကျောင်း တည့်မတ်ပေးနိုင်ရန် အသိပေးအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုး အခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခု အခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာ အပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | စနစ်သစ် ကျောင်းသုံးသင်ထောက်ကူ အနုပညာ(ပန်းချီ) အဆင့်ဆင့် ရေးဆွဲနည်းစာအုပ်(မူလတန်းအဆင့်) | မင်းဦး(ဒဿန) | ဦးအောင်စိုး ခုနစ်စင်ကြယ်စာပေ |
| ၂။ | ခရီးသည်ဘယ်မှာ အိပ်ရှာလိမ့် | နေမျိုးနွယ်(သစ္စာမြေ) | ဦးစိုးလွင် သစ္စာရောင်ခြည်စာပေ |
| ၃။ | ကြုံခဲ့ဖူးသော မြင်အပ်၊ မမြင်အပ်များ အကြောင်း | မင်းမော် | ဦးအာကာကျော် လမ်းပြကြယ်စာပေ |
| ၄။ | ဆေးစက်ကျရာနှင့် အရေးအသားများ | သားဦး | ဦးဘိုဘိုဝင်း နှင်းဆီဖြူစာပေ |
| ၅။ | မြန်မာစကားပုံနှင့်ဆိုရိုးစကား (ဒုတိယအကြိမ်) | ပညာကျော် | ဦးသန်းဆွေ Unity Publishing House |

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ငွေပျော်စံပြကျေးရွာနှင့် မူလနေရပ်များသို့ ပြန်လည်ထွက်ခွာမည့် ယာယီခိုလှုံရာစခန်းများမှ အိမ်ထောင်စုများအား ထောက်ပံ့၊ ပူတာအိုခရိုင်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် ပထမအကြိမ် အခြေခံစားသောက်ကုန်များ လေကြောင်းခရီးစဉ်ဖြင့်တင်ပို့မှုကို ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဧပြီ ၂၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက ငွေပျော်စံပြကျေးရွာနှင့် မူလနေရပ်များသို့ ပြန်လည်ထွက်ခွာကြမည့် ယာယီခိုလှုံရာစခန်းများမှ အိမ်ထောင်စုများအား မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်အတွင်းရှိ ဂျာမိုင်ကောင်း RC စခန်း၌ အခြေခံစားသောက်ကုန်များနှင့် ထောက်ပံ့ပစ္စည်းများကို သွားရောက် ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုလို မူလနေရပ်များနှင့် ငွေပျော်စံပြကျေးရွာများသို့ ရွှေ့ပြောင်းနေထိုင်ကြမည့်သူများအား ရွှေ့ပြောင်းနေထိုင်ရာတွင်လည်းကောင်း၊ ရွှေ့ပြောင်းချိန်တွင် နေထိုင်စားသောက်မှု အခက်အခဲ မဖြစ်ပေါ်စေရေး အတတ်နိုင်ဆုံး ထောက်ပံ့ပေးသွားမည့် အပြင် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လာရောက်အားပေးလိုခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်ချက်၊ အခက်အခဲများတွေ့ကြုံလာပါက မိမိတို့ အားလုံးက ဝိုင်းဝန်းပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂျာမိုင်ကောင်း RC စခန်းနှင့် နန်းကွေ့စိန်ယောဟန်စခန်းတို့မှ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၃၀ ၊ လူဦးရေ ၁၄၈ ဦး၊ ၎င်းတို့အစီအစဉ်ဖြင့် ဝယ်ယူထားသည့် မြို့ပေါ်ရပ်ကွက်/ ကျေးရွာများနှင့် မူလနေရပ်များသို့ ပြန်လည်ရွှေ့ပြောင်းနေမည့် အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၈၇ ဦး စုစုပေါင်း အိမ်ထောင်စု ၆၆ စု၊ လူဦးရေ ၃၃၀ တို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၈၁၈၄၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၆၆ အိတ်၊ ဆီ ၆၆ ဘူး၊ ကြက်ဥ အလုံး ၃၀ ပါ ၆၆ ကတ်နှင့် ခေါက်ဆွဲခြောက်ဖာ ၆၆ ဖာတို့အားလည်းကောင်း၊ ကချင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ငွေကျပ် ၁၃၂၀၃၈၁၆ တန်ဖိုးရှိ ဆန်ရိက္ခာတစ်လစာ၊ ပြောင်းရွှေ့စရိတ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းစီ၊ ကယ်ဆယ်ရေး ပစ္စည်း ၁၆ မျိုးပါ ၆၆ ပုံးတို့အား လည်းကောင်း ပစ္စည်းနှင့်ငွေသား တန်ဖိုး စုစုပေါင်း ငွေကျပ် ၂၁၃၈၇၈၁၆ ကို အသီးသီး ထောက်ပံ့ ပေးအပ်ကြသည်။



ယင်းနောက် စခန်းတာဝန်ခံများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြန်လည် ရွှေ့ပြောင်းနေထိုင်မည့် နေရာဒေသများတွင် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအား အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကာ အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်၌ ပူတာအိုခရိုင်အတွင်း နိုင်ငံ့ဝန်ထမ်းများ နေထိုင်စားသောက်မှု အခက်အခဲ မဖြစ်ပေါ်စေရေးအတွက် ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပထမအကြိမ်အဖြစ် အခြေခံ စားသောက်ကုန်များအား လေကြောင်းခရီးစဉ်ဖြင့် တင်ပို့နိုင်ရေး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း/ အမှုထမ်းဝန်ထမ်းများက ကုလားပဲ ပိဿာ ၂၀၀၀၊ ငါးခြောက် ၆၆၇ ပိဿာနှင့် စားသုံးဆီ ၁၀၀၂ ပိဿာတို့အား သယ်ယူတင်ပို့နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး(**အပေါ်ပုံ**) ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဓမ္မသတ်ကျေးရွာမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကျေးရွာတည်ငြိမ်အေးချမ်းနေပြီဖြစ်ကြောင်း အသိပေး

**မော်လမြိုင် ဧပြီ ၂၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ဓမ္မသတ်ကျေးရွာ၌ မတ် ၂၈ ရက်က စတင်၍ အကြမ်းဖက် သောင်းကျန်းသူများကြောင့် နေအိမ်များ မီးလောင်ပျက်စီးမှုခံခဲ့ရသော ကျေးရွာသူကျေးရွာသားများသည် မော်လမြိုင်မြို့ ဘုန်းတော်ကြီးကျောင်းများသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြသည်။



အဆိုပါ ယာယီတိုက်ပွဲရှောင် နေထိုင်လျက်ရှိသော ကျေးရွာသူကျေးရွာသားများအား မော်လမြိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ယခုချိန်တွင် ဓမ္မသတ်ကျေးရွာ၌ တည်ငြိမ်အေးချမ်းနေပြီ ဖြစ်သည့်အတွက် ကျေးရွာသူကျေးရွာသားများအနေဖြင့် မိမိတို့ နေရပ်သို့ သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မိမိရပ်ရွာ မိမိဒေသကိုမိမိတို့ကိုယ်တိုင်ပါဝင်သော ပြည်သူ့လုံခြုံရေးစနစ်အား ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဘဝရေရှည်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ မူလလုပ်ငန်းများအား ပြန်လည်လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း အသိပေးပြောကြားသည်။

အလားတူ ချောင်းဆုံမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများ၌ ယာယီတိုက်ပွဲရှောင် ပြည်သူများအား ချောင်းဆုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများကလည်း သွားရောက်အသိပေး ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ နယ်မြေဒေသအခြေအနေများကြောင့် ယာယီတိုက်ပွဲရှောင်များအား ထောက်ပံ့ငွေပေးအပ်

**ချောင်းဆုံ ဧပြီ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် အခြားဒေသမှ လတ်တလော နယ်မြေဒေသအခြေအနေများကြောင့် ယာယီတိုက်ပွဲရှောင်များအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီက မုဒွန်းကျေးရွာ ပိဋကတ်တိုက်ဘုန်းတော်ကြီးကျောင်း၊ တောင်စွန်းကျေးရွာ သဒ္ဓမ္မဇ ဘုန်းတော်ကြီးကျောင်းနှင့် ရွာလွတ်ကျေးရွာ မဟာဝိဟာရ ဘုန်းတော်ကြီးကျောင်းတို့၌ ဆောင်ရွက်သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက လတ်တလော နယ်မြေဒေသအခြေအနေများကြောင့် လာရောက်နေထိုင်သူများအနေဖြင့် နယ်မြေဒေသ လုံခြုံအေးချမ်းသွားပြီဖြစ်သည့်အတွက် မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်လိုသူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ မိမိတို့နေရပ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရန်အတွက် လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ခြင်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ယာယီတိုက်ပွဲရှောင် ၄၀၄ ဦးအတွက် စုစုပေါင်း ငွေကျပ် ၈၄၈၄၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေနံချောင်းမြို့ ပင်းဘုရားလမ်းဆုံတွင် လမ်းသွားလမ်းလာ လူငယ် ၁၀ ဦးကို စစ်မှုထမ်းဆောင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ပင်းဘုရားလမ်းဆုံတွင် ဧပြီ ၂၅ ရက်က ဆိုင်ကယ်စီးနင်း




လာသည့် လမ်းသွားလမ်းလာ လူငယ် ၁၀ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မှန်ကန်မှု မရှိသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူများစိုးရိမ်ထိတ်လန့်စေရန်နှင့်လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာ Khit Thit က လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံသူ နိုင်ငံသားများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားတတ်မြောက်မှု မရှိစေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ခြင်း မရှိစေရန်အတွက် ပြည်သူများ အထင်အမြင်လွဲမှားစေမည့် လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများကို ရည်ရွယ်ချက် ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိသည်။ ယခုဖြစ်စဉ်မှာလည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက မြို့ရွာများ တည်ငြိမ်အေးချမ်းမှု မပျက်ပြားစေရန်အတွက် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်နေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်း၊ ဖမ်းဆီးခြင်းများ မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်များအား ဆန်ရိက္ခာများ ထောက်ပံ့

**ကျောက်ဆည် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်များအား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ သုံးလစာ ဆန်ရိက္ခာထောက်ပံ့ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းနှင့်အတူ ယာယီတိုက်ပွဲရှောင် ပြည်သူ ၆၀ အား တစ်ဦးလျှင် ဆန် ၂၂ ပြည်၊ နို့ဆီဘူး ငါး ဘူးနှုန်းဖြင့် စုစုပေါင်း ဆန် ၅၆ အိတ်၊ ခြောက်ပြည်ကို လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ခရိုင်ပြန်/ဆက်(ကျောက်ဆည်)

# သီးနှံများ ပိုမိုထွက်၍ တောင်သူတွေ ဝင်ငွေတိုးနေပြီ

K ဇင်သစ်(မန်းတက္ကသိုလ်)

လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသည် အချိန်တိုအတွင်း ဝင်ငွေဖြစ်ထွန်းမှု ပိုမိုရရှိစေနိုင်သည်မှာ လက်တွေ့ဆန်လှပါသည်။ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သီးထပ်သီးညှပ်များ ပိုမိုစိုက်ပျိုးနိုင်ပါက သီးနှံထွက်ကုန်များ ပိုမိုလာမည်ဖြစ်ပေသည်။ လယ်ယာထွက်ကုန်သီးနှံများ အထွက်နှုန်းတိုး၍ ပိုမိုထွက်ရှိလာပါက ပြည်သူများ စားရေးဖူလုံပြည့်စုံစေမည့်အပြင် ပိုလျှံသောသီးနှံများကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိနိုင်မည်လည်းဖြစ်ပေသည်။



ပြည်မြို့နယ် မြောင်းဆုံကျေးရွာရှိ သမဝါယမအသင်းသားပိုင် ဧက ၁၁၀ ၌ စိုက်ပျိုးထားသော နှမ်းစပါးများကို ယမန်နှစ်ဩဂုတ်လက ရိတ်သိမ်းနေစဉ်။

**❝လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် သမဝါယမအသင်းများက ဝိုင်းဝန်းပေါင်းစပ် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေတောင်သူများ လက်ငင်းအကျိုးခံစားနေရသည်ကို တွေ့မြင်နေရပြီဖြစ်ပါသည်။ ဆက်စပ်ဌာနများနှင့် အနီးကပ်ချိတ်ဆက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် တောင်သူများ စိုက်ပျိုးထွက်ရှိလာသောသီးနှံများကို ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အလှပေါ်အယဉ်ဆင့်ဆိုသလို အထွက်နှုန်းလည်းတိုး၊ ဈေးကောင်းလည်းရ၍ ယင်းတို့၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်တော့မည်ဟု ယုံကြည်နေမိပါသည်❞**

### "မျိုး၊ မြေ၊ ရေ၊ နည်း" ဟန်ချက်ညီညီ

ခေတ်အဆက်ဆက် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးဆိုင်ရာဗဟုသုတများ ဖြန့်ဝေပေးပြီး စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသော်လည်း ဝမ်းစာဖူလုံရုံဖြင့်သာ ကျေနပ်နေသူများလည်း ရှိနေကြပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ လက်ရှိအနေအထားထက်ပိုမို၍ကြိုးစားဆောင်ရွက်လာစေရန်နှင့် အထွက်နှုန်းတိုး၍ ဝင်ငွေများ ပိုမိုရရှိလာအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် အစိုးရပိုင်းဆိုင်ရာ ဌာနများအနက်မှ ဝန်ကြီးဌာနတစ်ခုမှာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖြစ်ပါသည်။

"မျိုး၊ မြေ၊ ရေ၊ နည်း" ဟန်ချက်ညီညီ စိုက်ထုတ်ရင်းနှီးထည့်ဝင်ခြင်းဖြင့် နိုင်ငံအတွက် စိုက်ပျိုးရေးကဏ္ဍမှ စီးပွားရေးအညွှန်းကိန်း မြင့်မားနေမည်ကဧကန်မလွဲပါ။ ရေခံမြေခံကောင်းသောစိုက်ပျိုးမြေကို ပိုင်ဆိုင်ခွင့်ရရှိထားသော ကျေးလက်တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ သုံးစွဲလာနိုင်ရေး၊ လယ်တစ်ဧကစိုက်ပျိုးမှုချင်းအတူတူ အထွက်နှုန်းတိုးသည့် မျိုးကိုစိုက်ပါက ပန်းတိုင်အထွက်နှုန်းပြည့်မီခြင်း၊ အချို့နေရာများတွင် ယင်းထက် ပိုမိုထွက်ရှိခြင်းများကို တောင်သူတွေ လက်ငင်းခံစားနေကြရပြီဟု ဆိုချင်ပါသည်။

"တောင်သူများအနေဖြင့် ထွန်ယက်ရမည့်အချိန်၊ စိုက်ပျိုးရမည့်အချိန်၊ ပေါင်းသင်ရမည့်ကာလ၊ သွင်းအားစုထည့်ရမည့်အချိန်၊ ရိတ်သိမ်းချွေဆွတ်ရမည့်ကာလများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရန် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီးက အမြဲမှာကြားဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် တောင်သူများက လိုက်နာဆောင်ရွက်လာကြခြင်းနှင့်အတူ လယ်ယာထွက်ကုန်သီးနှံများ အထွက်တိုးလာသည်ကို ကြားသိနေရ၍ တောင်သူကိုယ်စီ ဝင်ငွေပိုမိုရရှိနေကြပြီလည်းဖြစ်ပါသည်။

မြေယာပြုပြင်ခြင်း၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ရာတွင် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်ရန် လယ်ယာဝန်ဆောင်မှု သရုပ်ပြရှင်းလင်းပွဲများတွင် တောင်သူများ လိုအပ်သော ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကျယ်ပြန့်စွာသုံးစွဲနိုင်ရေးနှင့် တောင်သူများ ကိုယ်တိုင် စက်ပိုင်ဖြစ်ရေး ကူညီပံ့ပိုးပေးနေခြင်းများကြောင့်လည်း စိုက်ပျိုးရာသီအချိန်မီ စိုက်ပျိုးနိုင်ခြင်းနှင့် လေလွင့်မှုနည်းပြီး အချိန်မီရိတ်သိမ်းနိုင်အောင် ဝန်ကြီးဌာနမှ ကြီးကြပ်လမ်းညွှန်မှုပေးခဲ့ခြင်း၏ ရလဒ်ကောင်းကို တောင်သူတွေ ခံစား၊ စံစားနေကြရပြီဟု သိရှိရပါသည်။

### ပြည်သူလူထုအခြေပြု သမဝါယမအသင်းများ

သမဝါယမဦးစီးဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်သမဝါယမအသင်းများကို အမှန်တကယ် စိုက်ပျိုးမွေးမြူသူများ၊ စုပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းအောင် ဖော်ဆောင်ပေးနေသည့် သမဝါယမသဘောတရားများကို ယုံကြည်လက်ခံသူများဖြင့် အစုအဖွဲ့များစုဖွဲ့ပြီး ပြည်သူလူထုအခြေပြု သမဝါယမအသင်းများ ဖွဲ့စည်းပေးကာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားလာအောင် ဆောင်ကြဉ်းပေးနေခြင်းကြောင့်လည်း လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက်ရှိလာနေသည်ဟု ယူဆနိုင်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်ကို တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးလျက်ရှိရာ စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးနှင့် သွင်းအားစုများ အချိန်မီရရှိနိုင်ရေး၊ မိုးစပါးစိုက်ပျိုးပြီးပါက ဆောင်းသီးနှံ/ ဆီထွက်သီးနှံ စိုက်ပျိုးနိုင်ရေး၊ ပဲတီစိမ်း/ နှမ်းစပါး အချိန်မီစိုက်ပျိုးနိုင်ရေးတို့ကို သမဝါယမအသင်းသား တောင်သူများထံမှ အချက်အလက်များရယူပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် သီးနှံများပိုမိုထွက်ရှိကာ တောင်သူများ ဝင်ငွေပိုမိုရရှိနေကြသည်ဟု ကြားသိရ၍ ဝမ်းသာပီတိဖြစ်မိပါသည်။

၁-၄-၂၀၂၄ ရက်က ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ "၂၀၂၃-၂၀၂၄ ခုနှစ် ပဲတီစိမ်း၊ နှမ်းစပါး၊ မိုးစပါး စီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေများအပေါ် အားသာချက်၊ အားနည်းချက်များကို သုံးသပ်အဖြေရှာခြင်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်ဆဲဖြစ်သည့် ဆောင်းသီးနှံ၊ နှမ်းစပါး စီမံကိန်းလုပ်ငန်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ဝါသီးနှံနှင့် မိုးစပါး စီမံကိန်းလုပ်ငန်းများအပေါ် ကြိုတင်စီမံဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး"ကို ကျင်းပခဲ့ပါသည်။

### ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များ

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူပြီး သီးနှံအထွက်တိုးအောင် ဆောင်ရွက်ပေးနေခြင်းကို ယခုထက် ပိုမိုကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ၊ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးနှံများကို စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်အောင် စီမံကိန်းချပြီး လုပ်ရန်လိုကြောင်း၊ ဈေးကွက်ဝင် သီးနှံများကို စနစ်တကျစိုက်ပျိုးခြင်းဖြင့် တောင်သူစိတ်ကြိုက်စိုက်ပျိုးနိုင်ရေး သမဝါယမက ကူညီပေးသွားရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် အထွက်နှုန်းတိုးသည့်မျိုးများ ရရှိနိုင်ရန်နှင့် လိုအပ်သောသွင်းအားစု ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ဆေးဝါးအမျိုးမျိုးတို့ကို တောင်သူလက်ဝယ် အချိန်မီရောက်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ်နှင့်ပတ်သက်၍ စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် ကိုယ်တိုင်သိရှိဆောင်ရွက်ပြီး နည်းပညာများ ပံ့ပိုးပေးရန်၊ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းဌာနနှင့် ညှိနှိုင်းပေါင်းစပ်ကြရန်နှင့် အချို့နေရာများတွင် မြေအောက်ရေအသုံးပြု၍ စိုက်ပျိုးနိုင်အောင် ကူညီပေးပြီး ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက်ရှိလာကာ ကျေးလက်မှာရှိသည့် တောင်သူများ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ အချို့နေရာများတွင် ပန်းတိုင် အထွက်နှုန်းပြည့်မီပြီး အချို့နေရာများတွင် လျော့နည်းခြင်းကို စစ်တမ်းကောက်ယူရန်လိုကြောင်း၊ သွင်းအားစုထည့်ရမည့်အချိန်မှာ မထည့်၍လား၊ လိုအပ်သည့်ပမာဏကို မထည့်၍လား၊ ရေသွင်းရမည့်အချိန်၊ ဖောက်ထုတ်ရမည့်ကာလမှာ မလုပ်၍လား၊ ရေကြီး၍လား၊ သဘာဝဘေးကြောင့်လား စိစစ်ပြီး အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ကာ သီးနှံအထွက်တိုးအောင် ဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့က ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးကြရန်နှင့် လက်တွေ့မြေပြင်ကွင်းဆင်းမှု အကြိမ်ကြိမ်ပြုလုပ်ပြီး တောင်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ကြရန်ဟု လမ်းညွှန်မှာကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ သမဝါယမကဏ္ဍမှ လက်တွေ့ကျကျ ဖော်ဆောင်လျက်ရှိနေသည်ဟု ကြားသိရ၍ ဝမ်းသာဂုဏ်ယူမိပါသည်။

### တောင်သူများလိုအပ်သည့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့

ဝန်ကြီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် သမဝါယမအသင်းများက ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်း၊ နှမ်းစပါးစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းနှင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းတို့တွင် တောင်သူများလိုအပ်သည့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် သီးနှံများထွက်ရှိမှုအနေဖြင့် ယခင်နှစ်ထက် တစ်ဧကအထွက်နှုန်းပိုမိုထွက်ရှိသည်ကို တောင်သူများ လက်တွေ့ရရှိနေကြပြီဟု ကြားသိရပါသည်။

အမှန်တကယ် ကြိုးစားလုပ်ကိုင်ပါက ဝင်ငွေများ အမှန်တကယ် ပိုမိုရရှိနိုင်မည်ဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် သမဝါယမအသင်းများက ဝိုင်းဝန်းပေါင်းစပ် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေတောင်သူများ လက်ငင်းအကျိုးခံစားနေရသည်ကို တွေ့မြင်နေရပြီဖြစ်ပါသည်။ ဆက်စပ်ဌာနများနှင့် အနီးကပ်ချိတ်ဆက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် တောင်သူများ စိုက်ပျိုးထွက်ရှိလာသောသီးနှံများကို ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အလှပေါ်အယဉ်ဆင့်ဆိုသလို အထွက်နှုန်းလည်းတိုး၊ ဈေးကောင်းလည်းရ၍ ယင်းတို့၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်တော့မည်ဟု ယုံကြည်နေမိပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု/ တိုင်းဒေသကြီး၊ ပြည်နယ်)၊ သမဝါယမအသင်းပိုင်ငွေကြေး၊ နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုငွေတို့ဖြင့် သမဝါယမအသင်းသား တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့က လက်တွဲညီညီ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်း၊ ဝန်ကြီးဌာနအောက်ရှိ ဆက်စပ်ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုခြင်း၊ ပြည်သူများ စားရေရိက္ခာ လုံလောက်စွာရရှိခြင်း၊ ပို့ကုန်ပိုမိုတင်ပို့နိုင်၍ နိုင်ငံခြားဝင်ငွေတိုးမြင့်ရရှိခြင်းတို့ကို ဖော်ဆောင်နေခြင်းနှင့်အတူ သီးနှံများပိုမိုထွက်ရှိ၍ တောင်သူများအားလုံး ဝင်ငွေကိုယ်စီ ပိုမိုရရှိလာကြကာ ကျေးလက်စီးပွား တိုးတက်တောင့်တင်းခိုင်မာလာခြင်းမှသည် နိုင်ငံစီးပွားမြင့်မားရေးကို သမဝါယမကဏ္ဍက ပိုမိုဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်နေမိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား- သမဝါယမဦးစီးဌာန၏ စာရင်းအချက်အလက်များ။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဧပြီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂.၅.၂၀၂၄ ရက်နေ့မှ ၇.၆.၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
 အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
 ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
 အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊
 အောင်မြေသာစံမြို့နယ်၊
 စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
 ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
 ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
 အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
 ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
 အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
 ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
 ကျုံကူကျေးရွာ၊ ဖျာပုံ - ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
 ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
 အမှတ် - ၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
 ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
 မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊
 စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)**
 အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
 ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
 အကွက်အမှတ်(၂၄)၊ ဆန်ချိတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
 တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
 ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၇ - ၄ - ၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၁၇) တွင် ကလေးများအနေဖြင့် မိမိတို့၏ လုပ်အားကို တန်ဖိုးထားတတ်စေရန် ပုပု၏ နွေရာသီ လုပ်အားပေးခဲ့ပုံကို တင်ဆက်ထားသည့် "ပုပု ပါဝင်သည့် မြင့်မြတ်သော အလုပ်" မျက်နှာဖုံး ဇာတ်လမ်း၊ ငှက်ဖြစ်သော်လည်း အခြားငှက်များကဲ့သို့ ပျံသန်းနိုင်ခြင်း မရှိသော ပင်ဂွင်းငှက်အကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "မပျံသန်းနိုင်သောငှက်" သုတဆောင်းပါး ကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ အမှိုက်များကို အမှိုက်ပုံနေရာတွင် စနစ်တကျ မစွန့်ပစ်ဘဲ မြစ်ထဲသို့ ပစ်ချပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအကြောင်းကို တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ ဝတ္ထုကဏ္ဍ၊ တစ်မျက်နှာ ကာတွန်း၊ ပုံပြင်ကဏ္ဍ၊ သူတစ်ပါးအသက်ကို သတ်ဖြတ်ပါက မိမိတွင်လည်း ဒုက္ခနှင့် ကြုံတွေ့နိုင်ပုံကို ရေးဖွဲ့ထားသည့် "ဝဋ်လည်တတ်တယ်" နှစ်မျက်နှာကာတွန်း၊ သွားနာနေသည့်အတွက် ဆရာဝန်ပြရမည်ကို ကြောက်နေသော သူငယ်ချင်းအား ဆရာဝန်ပြရန် တိုက်တွန်းပြောဆိုပုံအမျိုးမျိုးကို တင်ဆက်ထားသည့် "Useful Everyday Idioms" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

# နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၆-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံး နေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၇.၁ | ၁၁၆.၈ |
| ၂။ | ညောင်ဦး | ၄၄.၇ | ၁၁၂.၅ |
| ၃။ | မြင်းခြံ | ၄၄.၅ | ၁၁၂.၁ |
| ၄။ | စစ်ကိုင်း | ၄၄.၂ | ၁၁၁.၆ |
| ၅။ | မကွေး | ၄၄.၁ | ၁၁၁.၄ |
| ၆။ | အောင်လံ | ၄၄.၁ | ၁၁၁.၄ |
| ၇။ | မုံရွာ | ၄၄.၀ | ၁၁၁.၂ |
| ၈။ | မြင်းမူ | ၄၄.၀ | ၁၁၁.၂ |
| ၉။ | ဆင်ဖြူကျွန်း | ၄၃.၉ | ၁၁၁.၀ |
| ၁၀။ | မင်းဘူး | ၄၃.၈ | ၁၁၀.၈ |

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

# နေပြည်တော်ကောင်စီနယ်မြေ ဆီထွက်သီးနှံ ဧက ၁၃၀၀၀၀ ကျော်နှင့် ချည်မျှင်ရှည်ဝါ ဧက ၁၀၁၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ ဆီထွက်သီးနှံ ခြောက်မျိုး ဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်းနှင့် ဆီအုန်းသီးနှံများ အထွက်နှုန်းတိုးတက်စေရေးနှင့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း သီးထပ်စိုက်စွမ်းအား မြှင့်တင်ရေးနှင့် သီးနှံအလိုက် သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကို နယ်မြေအလိုက်၊ သီးနှံအလိုက်၊ စိုက်ပျိုးရာသီအလိုက် စီမံချက်ချမှတ်ပြီး အချိန်ကိုက် ဆောင်ရွက်ရန်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးကျရောက်မှုများကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြုံတွေ့လာပါက သက်ဆိုင်ရာဌာနများ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုနှင့် စိုက်ကွင်းများအရောက် နည်းပညာဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မြေပဲ နှမ်း နေကြာ ဆီထွက်သီးနှံများ၏ မျှော်မှန်းအထွက်နှုန်းရရှိရေး၊ မျိုးပြောင်းလဲ စိုက်ပျိုးမည့် အစီအစဉ်များ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ပေါင်းစပ်အသုံးပြုနိုင်ရေးနည်းပညာဖြန့်ဝေခြင်းနှင့် လိုက်နာဆောင်ရွက်စေခြင်းတို့အတွက် ပညာပေးဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သီးနှံအလိုက် စိုက်ပျိုးရေရရှိရေးနှင့် ဖြည့်စွက်ရေပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရာသီအလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေး၊ တပ်ကုန်းနှင့် ဥတ္တရသီရိမြို့နယ် ဆီထွက်သီးနှံအထူးဇုန်ဧရိယာတွင် ၂၀၂၄-၂၀၂၅ မိုးသီးနှံ၊ ဆောင်းသီးနှံ၊ နွေသီးနှံများအဖြစ် စုစုပေါင်း ဆီထွက်သီးနှံ ဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိုးကောင်းသောက်စိုက်ပျိုးမြေဧရိယာများ၌ ချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိရာ တပ်ကုန်း၊ ဥတ္တရသီရိ၊ ဇေယျာသီရိနှင့် ပုဗ္ဗသီရိ မြို့နယ်များတွင် စုစုပေါင်း ချည်မျှင်ရှည်ဝါ ဧက ၁၀၁၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာနှင့်လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ယူအေဘီဘဏ် ကြက်တောင်ဂျူနီယာချန်ပီယံရှစ် အမျိုးသား၊ အမျိုးသမီးကြက်တောင်ပြိုင်ပွဲကျင်းပမည်



**ရန်ကုန် ဧပြီ ၂၆**

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာစေရန်အတွက် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကြက်တောင်အားကစားအောင်နိုင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ Uab Bank Badminton Junior Championship 2024 ကြက်တောင်ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်က ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ဦးစွာ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဘရန်မိုင်က အမှာစကားပြောကြားပြီး ယူအေဘီဘဏ်မှ တာဝန်ရှိသူ ဒေါ်ယဉ်သွယ်ဌေးက ပြိုင်ပွဲအား အဓိကပံ့ပိုးပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၉ နှစ်အောက်၊ ၁၁ နှစ်အောက်၊ ၁၃ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ၊ အသက် ၁၅ နှစ်အောက်၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲကို မေ ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် (BWF)မှ နောက်ဆုံးအတည်ပြု ထုတ်ပြန်ထားသော ကြက်တောင်အားကစား နည်းဥပဒေနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်တောင်အားကစား အဆင့်အတန်းအား အရှေ့တောင်အာရှ၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်စေရန်၊ နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်အားကစားသမားများ ပေါ်ပေါက်လာစေရန်ရည်ရွယ်ကာ ပြိုင်ပွဲကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

**အာကာစိုး**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆-၄-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၄၅ ကျပ် | ၂၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၆၀ ကျပ် | ၃၀၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# မိုင်းယန်းမြို့နယ် မီးခိုးမြူလျှော့ချရေး အသိပညာပေးဆွေးနွေး

**မိုင်းယန်း ဧပြီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများအနေဖြင့် မီးခိုးမြူများကြောင့် ဖြစ်စေနိုင်သည့် ဆိုးကျိုးအန္တရာယ်များကိုသိရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ မီးခိုးမြူလျှော့ချရေး အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၂၆ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရခြင်း ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးမာလာခိက မီးခိုးမြူများဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ မီးခိုးမြူများကြောင့် ကြုံတွေ့ရမည့် ဆိုးကျိုးအန္တရာယ်များ၊ မီးခိုးမြူများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည့်အချက်များ၊ မီးခိုးမြူလျှော့ချရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာများ စသည့်အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးသည်။

**ထွန်းထွန်းထူး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၈၀၀ | ၁၆၆ | ၁၄၇၃၈၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၆၀၈၁ | ၁၇၆၃၄၉၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၉၇ | ၇၇၅၇၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၁၅၂၈ | ၂၃၀၇၈၅၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၁ | ၂၉၅၀ |
| EFR | ၁၇၀၀ | ၁၆၅၀ | ၁၄၆ | ၂၄၃၂၀၀ |
| AHPC | ၄၆၀၀ | ၄၆၀၀ | ၁ | ၄၆၀၀ |
| MAEPC | ၂၀၅၀ | ၂၀၅၀ | ၂၅၄ | ၅၂၀၇၀၀ |

## ပေါင်းသတ်ဆေး ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shandong Kangqiao Bio-Technology Co.Ltd. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပေါင်းသတ်ဆေးများကို မူလဖြန့်ဖြူးသူ Myanmar Byter Agro Tech Co.,Ltd.မှ Arvis Cropscience Co.,Ltd. သို့ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁ | Pyradif 40 SC | Difenoconazole 25%+Pyraclostrobin 15%SC | P2022-4752 |
| ၂ | Guard Mix 38 WG | Boscalid 25%+Pyraclostrobin 13% WG | P2022-4777 |

သို့ဖြစ်ပါ၍ အဆိုပါ ဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Arvis Cropscience Co.,Ltd.**
**အမှတ်(၁၄/၄၁)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၉၆၃၂၇၀၄**

## ပေါင်းသတ်ဆေး ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shandong Kangqiao Bio-Technology Co.Ltd. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပေါင်းသတ်ဆေးများကို မူလဖြန့်ဖြူးသူ Myanmar Golden Byter Co.,Ltd.မှ Arvis Cropscience Co.,Ltd. သို့ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁ | Let Swel 25 SC | Pyraclostrobin 15% SC | P2021-4633 |

သို့ဖြစ်ပါ၍ အဆိုပါ ဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Arvis Cropscience Co.,Ltd.**
**အမှတ်(၁၄/၄၁)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၉၆၃၂၇၀၄**

## ပေါင်းသတ်ဆေး ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shandong Kangqiao Bio-Technology Co.Ltd. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပေါင်းသတ်ဆေးများကို မူလဖြန့်ဖြူးသူ Myanmar Kete Co.,Ltd.မှ Arvis Cropscience Co.,Ltd.သို့ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁ | Pyraguard 25 EC | Pyraclostrobin 250g/I EC | P2021-6429 |
| ၂ | Pymeram 60 WG | Metiram 55%+Pyraclostrobin 5%WG | P2021-6470 |

သို့ဖြစ်ပါ၍ အဆိုပါ ဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Arvis Cropscience Co.,Ltd.**
**အမှတ်(၁၄/၄၁)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၉၆၃၂၇၀၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2767၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၉၁၃၅၂, YAMAHA m SLAZ 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘိုလွင် ၆/ကသန(နိုင်)၀၅၉၆၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ထိန်သစ်ရပ်၊ ကျွန်းမွေးလမ်းနေ ဦးနေဝင်းမွန် (၆/ထဝန(နိုင်)၀၈၀၇၆၂)-ဒေါ်လဲ့လဲ့ဝင်း (၆/ထဝန(နိုင်)၀၈၀၂၈၈) တို့၏သားဖြစ်သူ မောင်ကောင်းခကျော်ဇင် (၆/ထဝန(နိုင်)၁၅၈၈၂၈)သည် မိဘ၏ ပြောဆိုဆုံးမမှုကို မခံယူဘဲ လွန်ဆန်ကာ မိမိ၏သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးနေဝင်းမွန်-ဒေါ်လဲ့လဲ့ဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၀)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၅၇၁)၊ (၈)ထပ်အဆောက်အအုံ၏ (စတုတ္ထထပ်)၊ (၅)လွှာ၊ (ခေါင်းရင်းခန်း) တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပက်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးထက်လူကျော် (၁၂/ဒဂမ(နိုင်)၀၂၆၇၅၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပြတ်ဝယ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း မူရင်း အထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

**ဦးကိုကိုအောင် (၁၂/ဥကတ(နိုင်)၁၄၄၈၇၃) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဇွန်သူ LL.B , DBL, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၂၂)**
**အမှတ်(၁၂၇၄)၊ မြတ်လေးလမ်း၊ (၄၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၂၁၇၁၈၇၂၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 28(T)DPTSC(PSD)/24-25 | National Control Center(Naypyitaw), Regional Control Center (Yangon) နှင့် Regional Control Center(Mandalay) တို့တွင် တပ်ဆင် အသုံးပြုလျက်ရှိသော SACDA-EMS စနစ်သုံး Hardware နှင့် Software များ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန်အတွက် Remote Maintenance Services လုပ်ငန်းဆောင်ရွက်ရန်။ |
| ခ | 29(T)DPTSC(Civil)/24-25 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံး ဆိုဒ်စုံ စုစုပေါင်း (၂၉၆.၄၂)တန် ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၉-၅-၂၀၂၄) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/4030, HONDA CPV S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထူးမြတ်အောင် ၁၂/မရက(နိုင်)၁၅၂၅၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၄၇၀၁၀, TVS DAZZ CW-110 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## မှော်ဘီခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၄-၂၀၂၅)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့်လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းတည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/နေရာ** - ၂၆-၄-၂၀၂၄ ရက် (ရုံးချိန်အတွင်း)
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး မှော်ဘီခရိုင်

၃။ **တင်ဒါလျှောက်လွှာ ပိတ်သည့်ရက်** - ၇-၅-၂၀၂၄ ရက် (ရုံးချိန်အတွင်း)

၄။ **တင်ဒါဖွင့်ပွဲကျင်းပ မည့် ရက်/ အချိန်** - ၉-၅-၂၀၂၄ ရက်၊ နံနက် ၁၀:၀၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ**- လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး

၅။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့ ဖုန်း- ၀၉-၄၄၄၄၄၀၂၅၇/၀၉-၇၉၁၆၆၀၆၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ ကွင်းအမှတ်(၃၀)ရေပုန်းကွင်း၊ ဦးပိုင်အမှတ်(၄၅)၊ မြေဧရိယာ(၀ဒသမ၀၄၃)ကေအား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၀-၁၁-၂၀၁၅)ရက်စွဲပါစာအမှတ် ၁၄၇/၄/၁-၁၂/ဦး ၁ အရ ဦးအောင်မြင့် အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးအောင်မြင့် ၆/မအရ(နိုင်)၀၈၆၆၇၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါ က မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံ ရပ်ကွက်၊ ထူပါရုံ (၄) လမ်း၊ အမှတ်-၁၀၆၄ နေ (ဘ) ဦးအောင်လွင် (၁၂/သကတ(နိုင်)၂၀၇၀၃၁) (မိ) ဒေါ်သက်သက်ဝေ (၁၂/သကတ (နိုင်)၀၄၆၇၅၈)တို့၏သမီး မဖူးပွင့်အောင် (၁၂/သကတ(နိုင်)၁၉၄၆၁၈)သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည် ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးအောင်လွင်**
**(၁၂/သကတ(နိုင်)၂၀၇၀၃၁)**
**ဒေါ်သက်သက်ဝေ**
**(၁၂/သကတ(နိုင်)၀၄၆၇၅၈)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၃၀၇)**
**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊**
**သာကေတမြို့နယ် ဥပဒေရုံးရှေ့၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊အကွက်အမှတ်/အမည်(၈/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ (၀.၀၆၀)ကေရှိမြေသည် ဂရန်အမှတ်အမှတ်(V) ၈၉/၂၀၁၆-၂၀၁၇ အရ ဦးအောင်မျိုးဝင်း၊ မင်းဆိုက်ထောနှင့် ဒေါ်စန္ဒာဝင်းတို့(၃)ဦးအမည်ဖြင့် နှစ်(၃၀)အငှားဂရန် ရရှိထားပြီး ဦးအောင်မျိုးဝင်းပါ (၃)ဦးထံမှ ဦးကျော်လင်းပါ(၂)ဦးသည်လည်းကောင်း၊ ဦးကျော်လင်းပါ(၂)ဦးထံမှ ဒေါ်မြသန္တာစံသည်လည်းကောင်း၊ ဒေါ်မြသန္တာစံထံမှ ဒေါ်နန်းကြည်ပြာထွေးသည်လည်းကောင်း စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ၎င်းအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်ချထားပေးပါရန် ဒေါ်နန်းကြည်ပြာထွေးမှ ဂရန်စာချုပ်မိတ္တူ၊ အရောင်းအဝယ်စာချုပ် မိတ္တူများ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများဖြင့် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ မြေကွက်အမှတ်(၂၁၆)၊ ပေ (၆၀x၈၀)၊ မြေဧရိယာ (၀.၁၃၀)ကေရှိ မြေသည် မြိုင်သာယာဝန်ထမ်းအိမ်ရာ ဖော်ထုတ်နေရာချထားရေး ဗဟိုကြီးကြပ်မှုကော်မတီမှ ဦးလှထွန်းအမည်ဖြင့် အမည်ပြောင်းလဲခွင့်ပြုချထားပေးခဲ့သော မြေဖြစ်ပြီး ဦးလှထွန်းနှင့် ဇနီးဒေါ်ကြည်အောင်ထံမှ ဦးစိုးဖေနှင့် ဒေါ်အုံးသင်သည်လည်းကောင်း၊ ဦးစိုးဖေနှင့် ဒေါ်အုံးသင်တို့ထံမှ ဦးလှဖုန်းလင်းသည်လည်းကောင်း၊ ဦးလှဖုန်းလင်းထံမှ ဒေါ်ကေသီသိန်းသည်လည်းကောင်း၊ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး၎င်းအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်ချထားပေးပါရန်ဒေါ်ကေသီသိန်းမှ မြေချ မိန့်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာမိတ္တူများဖြင့် လျှောက်ထားလာခြင်း နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ ရက်ပေါင်း(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက် တစ်စုံတစ်ရာမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် – မော်လမြိုင်မြို့**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ တင်ဆုံကျေးရွာနေ ဦးကျော်စိန်၏သမီး မအေးတင် ၅/ယမပ(နိုင်) ၁၄၁၅၇၄ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MB-620380 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၈၄၉၀၃၃၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၅၉၇၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးဌေး (ခ) ဒေါ်လှရီ ၅/ရဘန(နိုင်)၁၀၁၀၅၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန

(ရွှေဘို)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/16785 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်အေး ၉/ညဥန(နိုင်)၀၀၉၁၃၁သည် ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး

(မြင်းခြံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/6948, HONDA FIT GE6,H/B(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူမြင့် ၁၂/ကတတ(နိုင်)၀၁၃၇၃၆ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး

(ရန်ကုန်အနောက်ပိုင်း)

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လေ့စဉ်ကျေးရွာအုပ်စု၊ ချင်းကုန်းကျေးရွာနေ(ဘ) ဦးမြကျော်၏သမီး ကျွန်မ မဆွေဆွေမြင့် ၈/မလန(နိုင်)၀၉၉၄၂၃ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ် (MF-755121) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉-၄၄၉၄၂၉၉၂၉

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် ရွှေချောင်းကျေးရွာအုပ်စု၊ ရွှေချောင်းကျေးရွာနေ (ဘ)ဦးစိုးဝင်း ၏သမီး ကျွန်မ မထားထားလှိုင် ၈/မလန (နိုင်) ၁၂၈၈၁၁၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ် (MF-755122) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၄၀၆၁၁၆၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေနှင့် ငွေလုံးငွေရင်း အသုံးစရိတ်တို့ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လမ်း၊ တံတား လုပ်ငန်းများနှင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊ တံတားလုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ၊ လမ်းမီးဆက်စပ်ပစ္စည်းများ၊ Transformer ၊ ပလပ်စတစ်ရေဆေး၊ သာမိုပလတ်စတစ်ဆေးနှင့် Ready-mixed Concrete ဝယ်ယူခြင်း) အား အိတ်ဖွင့် တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၉-၄-၂၀၂၄ ရက် |
| **တင်ဒါပုံစံပိတ်မည့်ရက်** | - ၁၀-၅-၂၀၂၄ ရက်၊ (၁၆:၀၀)နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် -

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖုန်း - ၀၆၇-၄၃၂၀၃၇၊

**တင်ဒါကော်မတီ**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်နေ ဦးကျော်ညွန့်စိန် (ပိုင်ရှင်ဖြစ်သူ ဦးဝင်းရွှေ၏ကိုယ်စား ဆောင်ရွက်သူ) (၁၂/ကမရ(နိုင်)၀၁၉၈၂၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် FMI City၊ လှိုင်သာယာမြို့နယ်နေ (၁)ဒေါ်ကေဇင်မော် (၈/ပဖန(နိုင်)၀၉၆၈၀၄)၊ (၂)ဦးပိုင်စိုးဦး (၉/ခမစ(နိုင်)၀၄၃၅၄၁)၏ တောင်းဆိုမှုအရ မြေငှားစာချုပ်မိတ္တူအား (၇-၄-၂၀၂၄) ၌ "နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်"ဖြင့် ခေတ္တပေးအပ်ခဲ့ပြီးဖြစ်၍ ပြဿနာတစ်စုံတစ်ရာပေါ်လာပါက ပြေလည် ဖြေရှင်းပြီးသည်အထိ ငှားရမ်းသူများကသာ စိုက်ထုတ်ဖြေရှင်းရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ဝေမွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၉၇၇)**

**အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၉၅၇၀၄၉၆၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A 2)၊ အခန်းအမှတ် (412)၊ Type (C)၊ Area (622) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ မစံစံအေး ၁၀/မဒန(နိုင်)၀၀၆၀၃၆ ၏ အထူးကိုယ်စားလှယ်ရရှိသူ မမေဇင်ဦး ၁၂/စခန(နိုင်)၀၀၈၂၁၉ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်တင်နွယ်နွယ်ထွန်း**

**၁၃/ကလန(နိုင်)၀၀၀၃၇၈**

**09-5049184**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်၊ ပရိက္ခရာတန်းလမ်း၊ အကွက်အမှတ် (၂၆) ၊ ပရိက္ခရာတန်းအကွက်၊ ဦးပိုင်အမှတ်(၁၀၀)၊ဧရိယာ(၀.၆၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် (က) အရှေ့လားသော် -ဦးပိုင်အမှတ်(၁၀၁)၊ (ခ)အနောက်လားသော်-ဦးပိုင်အမှတ်(၉၉)၊ (ဂ)တောင်လားသော်-ဦးပိုင်အမှတ်(၉၉)၊ (ဃ) မြောက်လားသော် ပရိက္ခရာတန်းလမ်း အထက်ဖော်ပြပါ မြေကို ဘိုးဘပိုင်အမည်ပြောင်းရန် ဒေါ်မြကေခိုင်မှ လျှောက်ထားသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက် ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ မေလ(၁၁) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ ဆေးရိုးတန်းလမ်း အကွက်အမှတ် (၂၄) ၊ ကြာနီကန် အကွက် ဦးပိုင်အမှတ် (၂၈၂^က)၊ ဧရိယာ(၁.၄၄၉)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် (က)အရှေ့လားသော်-ဦးပိုင်အမှတ်(၂၈၅)၊ (ခ) အနောက်လားသော် -ဦးပိုင်အမှတ်(၂၈၁)၊ (ဂ)တောင်လားသော် -ဦးပိုင်အမှတ်(၂၈၈^က)၊ (ဃ)မြောက်လားသော် ဦးပိုင်အမှတ် (၂၇၉^ခ) အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးကိုကိုထွန်း နှင့် ဒေါ်လတ်လတ်ထွန်း မောင်နှမနှစ်ဦးမှ လျှောက်ထားသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက် ကန့်ကွက်လိုသူများရှိပါက ၂၀၂၄-ခုနှစ်၊ မေလ(၁၁)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

## ပတ်စ်ပို့ ပျောက်

စလင်းမြို့နေ မောင်ရဲပြည့်ဖုန်းအောင် (ဘ) ဦးရဲတင့် ၈/စလန (နိုင်)၂၄၅၅၀၆၏ ပတ်စ်ပို့နံပါတ် MI 364379 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**မောင်ရဲပြည့်ဖုန်းအောင် (ဘ)ဦးရဲတင့် ၊ ဖုန်း-၀၉-၆၉၁၄၆၀၈၆၄**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ နည်းဥပဒေ ၂၀(၁) ကျိုင်းတုံခရိုင်တရားရုံးတော်၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂

| | | |
|---|---|---|
| မမီးငယ် | နှင့် | ဒေါ်နန်းဝန်း |
| **တရားလို** | | **တရားပြိုင်** |

ကျိုင်းတုံမြို့နယ်၊ ကတ်ဖအုပ်စု၊ ဝမ်ပုတ်မိုင်ရွာနေ ဒေါ်နန်းဝန်း သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ ယန်းခမ်းအထက်၊ ရပ်ကွက်(၁)ရပ်နေ မမီးငယ်က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မေလ (၇)ရက်နေ့ မွန်းမတည့်မီ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရသည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာချုပ်စာတမ်းများတို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**

**ဒုတိယခရိုင်တရားသူကြီး**

**ကျိုင်းတုံခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအေးဝင်း ၁၂/ကမတ(နိုင်)၀၄၄၁၉၆၏ ပိုင်ဆိုင်သည့် အိမ်အရောင်းအဝယ် စာချုပ်အဆင့်ဆင့်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၁၇၄၅၄

## အများသိစေရန် ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၊ လူနေရပ်ကွက်-၁၊ မြေကွက်အမှတ်-၈၃၆၊ မြေအကျယ်အဝန်း (၂၂ x ၄၀)ပေ၊ ဒေါ်ခင်ရွှေ၊ ဒေါ်စလီမာတို့မှ မြေဂရန်တွင် အမည်ပေါက်ပြီး ၎င်းမြေကွက်ကြီးထဲမှ အောင်သစ္စာလမ်း၊ အမှတ်(၃၇/အေ)၊ ခေါင်းရင်းခြမ်း ၊ မြေအကျယ် (၁၀ x ၄၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ပျဉ်ထောင်အိမ် အသေးတစ်လုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ချစ် (KMYT-၀၁၂၉၃၀)နှင့် ဦးဖုန်းမြင့် (၁၂/လမန(နိုင်)၀၄၂၀၄၇)ထံမှ ဒေါ်ဗီဂျရာကူမာရီ (၁၂/ရကန(ဧည့်)၀၀၀၀၈၅)က ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဗီဂျရာကူမာရီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးတင်အောင်ကြည် (LL.B)၊ တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး တောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၇၂) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်အသေးတစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိန်းသန်းဌေး(၁/မညန(နိုင်)၀၉၈၄၈၅) ထံမှ ဦးချိုချို (၁၁/သတန(နိုင်)၀၁၁၁၉၈)ကဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအိမ်နှင့်ခြံအား အရောင်းအဝယ်ပြုလုပ်ရာတွင် ယနေ့မှစ၍ ၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချိုချို၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်အောင်ကြည်(စဉ်-၁၂၁၃၁/၂၀၁၇)**

**တရားလွှတ်တော်ရှေ့နေ ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

